www.burmeseclassic.com

# Sixth Sense

No.34

July, 2017

## ဆဌမအာရုံ

မဂ္ဂဇင်း



အုပ်ဖွယ် စမ ပန်းချီအဆောင်များ

ထူးခြားဆန်းပြား အင်းစမများ (၂)

မှော်ဝင်အံစာတုံးလေးများ၏ ဖော်ပြချက်

ကံကောင်းစေမည့် အဝတ်အစားအရောင်များ

လောကီပညာညွှန့်ပေါင်း အစီအရင်မှတ်စု

အချစ်သံယောဇဉ် ပြတ်တောက်ခြင်း အစီအရင်

ပြန်လာစေ၊ လာရောက်စေရန် မီးတတ်အစီအရင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အိမ်အရောက် ပို့ဆောင်ပေးမည်

**"ဆဋ္ဌမအာရုံမဂ္ဂဇင်း"** ကို

လစဉ်မှာယူလိုသူ ပရိသတ်များအနေဖြင့်

**ကမ္ဘောဇဘဏ်၊ ပုစွန်တောင်ဘဏ်ခွဲ၊ ရန်ကုန်မြို့၊**

**ဘဏ်အကောင့်နံပါတ် ၀၁၄၁ - ၂၂၀၀ - ၄၃၆၀၇ သို့**

မိမိနှင့် နီးစပ်ရာဘဏ်မှ ငွေလွှဲခနှင့်အတူ မိမိမှာယူလိုသော (၆) လ (သို့) (၁)နှစ်စာအတွက် ငွေလွှဲပေးပို့၍ မှာယူနိုင်ပါသည်။ ငွေလွှဲခ မှာယူသူဘက်မှ တစ်ပါတည်းပေးချေ၍ ငွေလွှဲပေးပို့ရပါမည်။

## (၆)လ ၂၀၀၀၀ ကျပ်

## (၁၂)လ ၄၀၀၀၀ ကျပ်

**ဖုန်း - ၀၉ ၇၃၁ ၇၆၆၅၀** သို့ မိမိ ငွေလွှဲပေးပို့ကြောင်းနှင့် စာအုပ် ပေးပို့ရမည့်လိပ်စာ၊ မှာယူသူ၏ နာမည်နှင့် ဖုန်းနံပါတ်တို့ကို အကြောင်းကြား ပေးရပါမည်။

ဘဏ်တွင် ငွေလွှဲပေးပို့မှုရောက်ရှိကြောင်း စစ်ဆေးပြီး ဖော်ပြပါ အချက်အလက်များ ပြည့်စုံပါက စာတိုက်မှတဆင့် အိမ်အရောက် ပို့ဆောင်ပေးပါမည်။ စာတိုက်မှပေးပို့နိုင်သော နေရာတိုင်း ရောက်ရှိပါလိမ့်မည်။

အိမ်အရောက်ပို့ကြိုတင်ငွေပေးမှာယူသူများ

ဆက်သွယ်ရန် - ၀၉၇၃၁၇၆၆၅၀

စာအုပ်ဆိုင်များနှင့်ဖြန့်ချိရေးကိုယ်စားလှယ်များ

ဆက်သွယ်ရန် - ၀၉၃၀၀၅၀၁၆၀

www.burmeseclassic.com

No.34, JULY , 2017

# Contents

ထူးခြားဆန်းပြား အင်းစမများ (၂) ၂၇

ဝေယံဘုန်းပြည့်

အံ့ဖွယ် စမ ပန်းချီအဆောင်များ ၄၃

ကိုမောင်သန်းဝင်း

လှုတိုင်းအသုံးဝင် အရွက်၊ အညွန့်၊ အပင် ၆၃

ဂမ္ဘီရဆရာလှမျိုး (B.Sc)

နယ်လွန်ထူးခြား ဖြစ်ရပ်ဆန်းများ(၆) ၈၀

သက်လုံ

## အံ့ဖွယ် စီရင်နည်းများ

အချစ်သံယောဇဉ် ပြတ်တောက်ခြင်း အစီအရင် ၁၀

သိဒ္ဓိထင်ရှား ဥကင်တော်သုံးပါးစက် အစီအရင် ၁၂

မှော်ဝင်အန်စာတုံးလေးများ၏ ဖော်ပြချက် ၁၄

ကံကောင်းစေမည့် အဝတ်အစားအရောင်များ ၁၆

ပြန်လာစေ၊ လာရောက်စေရန် မီးခါတ်အစီအရင် ၂၄

လောကီပညာညွှန့်ပေါင်း အစီအရင်မှတ်စု ၂၇



www.burmeseclassic.com

www.burmeseclassic.com

# ကလောင်ရှင်သစ်များ
## ပေါ်ထွက်လာရေး အစီအစဉ်

ဆဋ္ဌမအာရုံ မဂ္ဂဇင်းအယ်ဒီတာအဖွဲ့သည် ဂမ္ဘီရရပ်ဝန်းတွင် ကလောင်ရှင်အသစ်များ မွေးဖွားပေးနိုင်ရေးကို အထူး အလေးထား ပါသည်။ ကလောင်ရှင်သစ်များပါဝင်လက်စွမ်းပြရေးသားနိုင်ရန်နေရာ များကိုလည်း ချန်လှပ်ပေးထားပါသည်။

BURMESE CLASSIC

သာမန်ထက် ထူးခြားဆန်းကြယ်သည့် အဖြစ်အပျက်များ၊ ဂမ္ဘီရ ပညာရပ်ဆိုင်ရာ အချက်အလက်များကို ခေတ်အမြင်၊ ခေတ်အတွေးဖြင့် ပေါင်းစပ်ရေးသားသည့် ဝတ္ထု/စာမူကောင်းများကို အမြဲတမ်း တံခါးဖွင့် ကြိုဆိုလျက် ရှိပါသည်။

ပုံနှိပ်ဖော်ပြခံရသည့် ဝတ္ထု/စာမူများကို ကလောင်ဟောင်း၊ ကလောင်သစ်မခွဲခြားဘဲ ထိုက်တန်သည့်စာမူခနှင့်စာအုပ်လက်ဆောင် တို့အား ချီးမြှင့်သွားပါမည်။

ဆဋ္ဌမအာရုံမဂ္ဂဇင်း
အယ်ဒီတာအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

အယ်ဒီတာချုပ်
ကိုမိုး (တောင်ကြီး)

အကြံပေး အယ်ဒီတာ
ဦးငွေစိုး၊ ဒေါက်တာမီ

အမှုဆောင် အယ်ဒီတာအဖွဲ့
နွေသင်နိုင်၊ ဝေယံမိုး၊ မိုးထက်မြင့်

အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးမှူး
ဒေါ်ငွေးငွေးလှိုင်

ထုတ်ဝေသူ
ကိုမိုး(တောင်ကြီး) {(၀၀၅၀၈)}

ပုံနှိပ်သူ
ဦးကျော်သင်း {(၀၀၆၂၆)}
(သံလွင်ဦး ပုံနှိပ်တိုက်)

မျက်နှာဖုံး ဒီဇိုင်းနှင့် လိုဂို
အောင်မိုး

ပန်းချီ သရုပ်ဖော်
ရဲရင့်နိုင်၊ ဖိုးအောင်၊ လှသစ်အောင်

ကွန်ပျူတာ
ဆဋ္ဌမအာရုံ ဝိုင်းတော်သားများ

ဖြန့်ချိရေး
ဆဋ္ဌမအာရုံ စာပေတိုက်
အမှတ် (၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း(၅၀)အထက်၊ ပုဇွန်တောင်
မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၀ ၅၀ ၁၆၀၊ ၀၉ ၇၃၁ ၇၆၆၅၀

တန်ဖိုး - ၂၀၀၀ ကျပ်



www.burmeseclassic.com

www.burmeseclassic.com



# အချစ်သံယောဇဉ်ပြတ်တောက်ခြင်း အစီအရင်



မိမိ သူငယ်ချင်း စုံတွဲဖြစ်စေ၊ အဆင်မပြေလို့ လမ်းခွဲတော့မယ်ဆိုတာ ကိုယ်ကလည်း သိနေတယ်။ သူတို့ကို တကယ်ကွဲစေချင်တယ်ဆိုရင် ဒီအစီအရင်ကို ကိုယ်စား လုပ်ဆောင်ပေးနိုင်ပါတယ်။ အဆင်ပြေနေတဲ့ ချစ်သူနှစ်ဦးကိုတော့ မလုပ်စေချင်ပါဘူး။

အရမ်းကို အစွမ်းထက်လှတဲ့ အချစ်အစီအရင်ဖြစ်ပါတယ်။ ဒါမှမဟုတ် ကိုယ်က အချစ်အစီအရင်ကို လုပ်ဆောင်ပြီး အောင်မြင်စွာ ချစ်သူတစ်ယောက်ရထားပေမယ့် အဲ့ချစ်သူနဲ့က အဆင်မပြေဖြစ်နေတယ်ဆိုရင်လည်း ဒီအစီအရင်ကို လုပ်ဆောင်ပြီး ပြန်လည် ပြတ်စဲပစ်နိုင်ပါတယ်။

ဒီအစီအရင်အတွက် လိုအပ်တဲ့ပစ္စည်းများကတော့-

၁) ချစ်သူနှစ်ဦးရဲ့ ဓာတ်ပုံနှစ်ပုံ

၂) စက္ကူဖြူ တစ်ရွက်

၃) ကြေးလင်ပန်းငယ် တစ်ချပ်တို့ ဖြစ်ပါတယ်။

အစီအရင်လုပ်ဆောင်ပြီဆိုရင် ကိုယ့်ကို ဘယ်သူမှ မနှောင့်ယှက်နိုင်တဲ့ နေရာမှာ စီရင်ဆောင်ရွက်ပါ။ ညဘက်မှာ လုပ်ဆောင်ပါ။ ကိုယ်စိတ်နှစ်ပါးစလုံး သန့်ရှင်းနေချိန်မှာ ပြုလုပ်ပါ။




www.burmeseclassic.com

www.burmeseclassic.com



# သိဒ္ဓိထင်ရှား ဉာဏ်တော်သုံးပါးစက် စီရင်နည်း



ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ မေနသိဒ္ဓိ အကောင်းဆုံး သိဒ္ဓိသုံးပါး အတွက် အလွန်သိသာထင်ရှားစေတဲ့ ဉာဏ်တော်သုံးပါးစက် အစီ အရင်ဖြစ်ပါတယ်။

၎င်းစက်ဟာ ဗားမဲ့ဆရာတော်ဘုရားကြီးမှာ ရှိပါတယ်။ လက်မောင်းတွင် မြှုပ်သော် ကာယတွင် အလွန်ရှိးမွမ်းထိုက်ပေ၏။ အဟန့်အတားအဆီး၊ အပေါ့အပါးမှာ အထူးပြောဖွယ်ရာ မရှိပါ။

အနောက်ဘက် သာလွန်မင်းကြီးကို ဗားမဲ့ဆရာတော်က စီရင်ပေးဖူးကြောင်း ပေစာဟောင်းမှာ ရေးသားထားတာကို တွေ့ ရပါတယ်။ ဒါကြောင့် အလွန်အဖိုးတန်တဲ့ အစီအရင်တစ်ခုဖြစ် တာကြောင့် ဆဌမအာရုံပရိသတ်များအတွက် ဖော်ပြပေးရခြင်း ဖြစ်ပါတယ်။

၎င်းစက်ကို ရွှေ၊ ငွေ၊ မိုးကြိုးကမ္ဘဝါပြားတစ်ခုခုမှာ လက်ခွဲ ထိုးပွဲ စုံလင်စွာ ခင်းကျင်း၍ ရွှေဖယောင်းတိုင်၊ ငွေဖယောင်းတိုင် နဲ့ ဘုရားရှေ့မှာ ပူဇော်ပါ။

ပြီးလျှင် ညဦးယံမှာ (ပု)ဟုရေး။ သန်းခေါင်ယံမှာ (ဒိ) ရေး။ အာရုဏ်လာလျှင် (အာ)ဟုရေးပြီးလျှင် ၎င်းအကွက်ရာနှင့်တင်




www.burmeseclassic.com

www.burmeseclassic.com



* ၈)ပွင့်

တစ်စုံတစ်ဦးနှင့် ိုက်ရန်ဒေါသမဖြစ်မိစေရန် ဆင်ခြင်ပါ။ သို့မဟုတ်ပါက ဘဝတွင် ယူကျုံးမရသော နောင်တရခြင်းမျိုးဖြင့် ကြုံတွေ့ရပါလိမ့်မည်။



* ၉)ပွင့်

သင့်မိသားစု (သို့မဟုတ်) စီးပွားလုပ်ဖက် တစ်ဦးဦးနှင့် ဆက်ဆံရေးတွင် ပြဿနာပေါ်တတ်သည်။

* ၁၀)ပွင့်

သတိရှိပါ။ သတိမထားဘဲ လုပ်ဆောင်မိခြင်းကြောင့် ာစ်နာဆုံးရှုံးခြင်းနှင့် ကြုံရပါလိမ့်မည်။

* ၁၁)ပွင့်

လူမှုဆက်ဆံရေးတွင် စကားကို တရားလွန် အရမ်းကာရော ာွတ်လွတ်လပ်လပ် ပြောဆိုခြင်းမျိုးကို သတိပြုဆင်ခြင်ပါ။ စကား ာမှားကြောင့် ပြဿနာအခက်အခဲများနှင့် ကြုံတွေ့ရတတ်ပါသည်။

* ၁၂)ပွင့်

မိတ်ဆွေများ ဆုံးရှုံးရခြင်း၊ ရန်ဘက်များနှင့် ရင်ဆိုင်ရခြင်း ာနှ ကြုံတွေ့ရတတ်ပါသည်။

* ၁၃)ပွင့်

အခက်အခဲ၊ ဘေးဒုက္ခများနှင့် ရင်ဆိုင်ရတတ်ပြီး ကံဆိုး ာမှောင်ကျတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



*** ၁၄)ပွင့်**

အဖုပါင်းအသင်းများခြင်းနှင့် သစ္စာဖောက်ခံရခြင်းမျိုးတို့ ဖြစ်တတ်ပါသည်။ သတိရှိပါစေ။

*** ၁၅)ပွင့်**

ခရီးတစ်ခု သွားရလိမ့်မည်။

*** ၁၆)ပွင့်**

ဘဝတွင် အပြောင်းအလဲတစ်ခုခုနှင့် ကြုံရလိမ့်မည်။ ဥပမာ အိမ်ထောင်ပြုရန် ရည်ရွယ်ထားပါက မိမိအိမ်ထောင်ပြုရန် ရည်ရွယ်ထားသူက တစ်ဦး၊ အမှန်တကယ် လက်ထပ်ရသူက တစ်ဦး ဖြစ်တတ်သည်။

*** ၁၇)ပွင့်**

သင့်ဘဝတွင် သင့်အပေါ် လွန်စွာလွှမ်းမိုးလာမည့် မိတ်ဆွေ တစ်ဦးနှင့် မကြာမီ ကြုံတွေ့ရတတ်သည်။

*** ၁၈)ပွင့်**

အရာရာတွင် အောင်မြင်မှုရရန် သေချာသည်ဟု မှတ်ယူရမည်။ ကျန်းမာ၍ အသက်ရှည်၊ အနာကင်းစွာ နေထိုင်သွားရလိမ့်မည်ဖြစ်သည်။

သုတစာပေအကျိုးကြောင်း
ပညာများ တိုးနိုင်ကြပါစေ
စိုးမိုးနိုင်

www.burmeseclassic.com

www.burmeseclassic.com



# ပြန်လာစေ၊ လာရောက်စေရန် မီးစာတ်အစီအရင်



သင်ဟာ လူတစ်ယောက်ကို သင့်ထံကို လာစေချင်လို့ပဲ ဖြစ်ဖြစ်၊ ထွက်သွားလို့ ပြန်လာစေချင်လို့ပဲ ဖြစ်ဖြစ်၊ ဘယ်လိုဖြစ်ဖြစ် သင့်ထံကို လာစေချင်ရင် မီးစာတ်အစီအရင်ကို အသုံးပြုပါ။

မီးစာတ်အစီအရင်ဖြစ်လို့ ဖယောင်းတိုင်ကို အသုံးပြုရပါမယ်။ ဖယောင်းတိုင်ကို မိမိနှစ်သက်ရာ ဖယောင်းတိုင် အသုံးပြုနိုင်ပါတယ်။ အဖြူရောင် ဖယောင်းတိုင်ကိုပဲ အသုံးပြုပေးပြီး ဖယောင်းတိုင်ကို ကုန်သည်အထိ ထွန်းပေးရမှာ ဖြစ်ပါတယ်။

မည်သည့်အကြောင်းနဲ့မှ ဖယောင်းတိုင် မကုန်သေးဘဲနဲ့ အစီအရင်ကို မရပ်တန့်ပါနဲ့လို့ မှာချင်ပါတယ်။ အခုအစီအရင်ကို သက်ဆိုင်ရာ ခုနစ်ရက်သားသမီးအလိုက် နေထွက် / နေဝင်ချိန် တို့မှာ ပြုလုပ်ပေးရမှာ ဖြစ်တယ်။

ဒါဆိုရင် သင်လာစေချင်သူဟာ မုချအမှန်ကို သင့်ထံကို ရောက်လာပါလိမ့်မယ်။

**၁) တနင်္ဂနွေသားသမီး လာရောက်စေလိုလျှင်**



www.burmeseclassic.com

www.burmeseclassic.com





ဗုဒ္ဓဟူးနေ့ နေထွက် နေဝင်အချိန်တွင် ဖယောင်းတိုင်ပေါ်တွင် အလိုရှိသော ယောကျာ်း၊ မိန်းမ နာမည်ကို ရေးပါ။ ပြီးနောက် ဗုဒ္ဓဟူးဂြိုဟ် ကိုယ်စားပြု(၄)ဂဏန်းကို ရေးသားပြီး ငါ့ထံမှောက် လာရောက်ရမည်ဟု ရေးသားပါ။ ပြီးတဲ့နောက် ဗုဒ္ဓဟူးဂြိုဟ်စောင့် နတ်မင်းကို မေတ္တာပို့ပြီး မီးထွန်းပူဇော်ပါ။ သင် အလိုရှိနေသူ မုချအမှန် သင့်ထံသို့ ရောက်ရှိလာမည်။

**၅) ကြာသပတေးသားသမီး လာရောက်စေလိုလျှင်**

ကြာသပတေးနေ့ နေထွက်၊ နေဝင်ချိန်တွင် ဖယောင်းတိုင်ပေါ်တွင် လိုအပ်သော၊ လာစေချင်သော ယောကျာ်း၊ မိန်းမအမည်ကို ရေးပါ။



ပြီးတော့ ကြာသပတေးဂြိုဟ် ကိုယ်စားပြု (၅)ဂဏန်းကို ရေးသားပြီး ငါ့ထံမှောက် မုချရောက်စေလို့ ရေးသားပါ။

ပြီးတဲ့အခါ ကြာသပတေးဂြိုဟ်စောင့်နတ်မင်းကို မေတ္တာပို့ပြီး မီးထွန်းပူဇော်တဲ့ အခါ မိမိအလိုရှိသူ သင့်ထံ ရောက်လာပါမည်။

www.burmeseclassic.com

www.burmeseclassic.com



# လောကီပညာ ညွှန့်ပေါင်း အစီအရင်မှတ်စု



**လောကီတစ်ထောင်(၁)**

က) မတူညီတဲ့ လောကတစ်ခုကို ခြေဆန့်လာပြီဆိုရင် အတိုက်အခိုက်၊ အနှောင့်အယှက်အမျိုးမျိုးကို တွေ့ကြုံ ခံစားကြရမှာပါ။ ကိုယ့်ကို တိုက်ခိုက်တဲ့ ပညာသည်ကိုတွေ့ချင်ရင် အောက်ဖော်ပြပါ နည်းလေးကို သုံးနိုင်ပါတယ်။

"ဥုံ ဝစေအန္တော ရက္ခော စေဝ၊ ဝ စာ မနသာ စေ ဝ"

ရင်းဂါထာနှင့် မဆစ်ဆီကို (၁၇)ခေါက်မန်း၍ အတိုက်ခံရသော လူ၏မျက်စိကိုကွင်း၍ ကြည့်လျှင် ပြုလုပ်သူကို တွေ့ရမည်။

ခ) "ဥုံ ဗုဒ္ဓစက္ကံ သတ္တရ
သုည် မရဏံ ဘဝေ၊
ကထေသိ ကထေသိ။
ကိံ ကရဏာ တဝကမ္မံ၊
အဟံ ဇာနာမိ၊ သောသော နောနော၊
နမော ဗုဒ္ဓါယျ၊ ယဒ္ဒ ဗုမောန၊



www.burmeseclassic.com

www.burmeseclassic.com



ဘေးတို့သည် မိမိကိုယ်သို့ မထိရောက်။ မနိုပ်စက်နိုင်ပေ။

မီးလောင်၍လာသောအခါ လက်ဖြင့်ကာ၍ ၎င်းဂါထာ
ရွတ်လျှင် မီးငြိမ်း၏။ မငြိမ်းလျှင် လွဲ၍သော် လည်းကောင်း သွားရ

သူခိုး၊ ဓားပြ အန္တရာယ်ရှိပါက အရပ်ရှစ်မျက်နှာကို လက်
ညှိုးညွှန်၍ စည်းချပါက လုံခြုံပါ၏။ ဤဂါထာတော်ကို ဉာဏ်ရှိတိုင်း
ချဲ့ထွင်၍ သုံးနိုင်ပါသည်။

## အိပ်မွေ့ချခြင်း

အိပ်မွေ့ချသောပညာရပ်သည် မှော်ဆရာ၊ စုန်း၊ ကဝေပညာ
ရှင်များ၌ မရှိမဖြစ် ရှိအပ်သော ပညာရပ် ဖြစ်သည်။ လောကီပညာ
ကို လိုက်စားသူများအတွက် အိပ်မွေ့ချသော နည်းတစ်မျိုးအား
ဖော်ပြလိုက်ရပါသည်။

"ဦ အိပ်ဆံ တောသား
သဘာဂမ္ဗေ၊ စက္ကဝါန်ပိ။
အတ္တဘာဝေန၊ ဆာတရိပုတ္တာ ပမုခါ၊
သူရာနလာဘေ ထပိကံ၊
တမသိ စိန္တေယ မပွမေယျံ"

၎င်းဂါထာနှင့် ပန်းညိုခုနစ်ညွှန့်ကို (၃၇)ခေါက်မန်း၍ အိပ်
မွေ့ချရာမှာ သုံးပါ။ အိပ်မွေ့ချ အကျော်အမော် ဖြစ်ပါသည်။ ပန်းညို
ခုနစ်ညွှန့်သည် သပြေပန်းလည်း ရ၏။ သပြေပန်းအခက်များ၏
ထွက်သစ်စ အညိုရောင်အညွှန့်ကို သုံးနိုင်ပါသည်။

အခြား အရှေ့တိုင်းလောကီပညာရပ်များ၏ ထက်မြက်
သော ပညာရပ်များအကြောင်း ရှေ့ဆက်၍ ထပ်မံ တင်ဆက်ပေး
ပါဦးမည်။

See you again

Goodbye


Arranged by Astral Green



www.burmeseclassic.com

www.burmeseclassic.com






*** လယ်တီအန္တရာယ်ကင်း တံဆိပ်တော် ***


အဆင့်အဆင့် ပြောင်းလဲအသုံးပြုရာမှ ယခုအချိန်တွင် အရောင်အသွေး စုံလင်စွာဖြင့် သုံးစွဲနေကြလေပြီ။ အန္တရာယ်ကင်း စေ၍ လာဘ်လာဘနှင့် အလိုဆန္ဒများပြည့်ဝစေသော စမတံဆိပ် တော်အဖြစ် ယုံကြည်စွာ သုံးစွဲနေကြသည်။



လယ်တီ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီး၍ သုံးနှစ်ပြည့် (၁၉၂၆-ခုနှစ်၊ ဇူလိုင်လ)တွင် လယ်တီသတင်းစာကို ထုတ်ဝေသော အခါ လယ်တီပဏ္ဍိတ ဦးမောင်ကြီးက ဤသို့ပြုပြင်၍ အသုံးပြုခဲ့သည်ကို တွေ့ရှိရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

### * ပဒုမ္မာရွှေကြာ အင်းတော်ကြီးပုံ *

*ဦးထူလံ (အဖေကြီး ဦးအောင်ချမ်းသာ)၏ ခေါင်းထိပ်တွင် ရှမ်းဝိဇ္ဇာဆရာကြီး ရေးထိုးပေးခဲ့သော ပဒုမ္မာရွှေကြာ အင်းတော်ကြီး ပုံဖြစ်သည်။

*ဉာဏ်နှင့်ယှဉ်၍ စီရင်ဆောင်ရွက်နိုင်သည်။ အရာရာတွင် အောင်မြင်၍ ချမ်းသာအပေါင်းနှင့် ပြည့်ဝစေသည်ဟု ဆိုပါသည်။

### * နေသိဒ္ဓိအင်းတော် *

အင်းဂါထာ -

“ဥုံ သိသေဗုဒ္ဓေါ ဘဝဿတိ၊
သတ္တ သတ္တဋ္ဌ၊ သီဟ သဟဿ၊
ဩြာဟ ဩြာဟာ၊ ဓာရေတု မဿဝါ၊
သသေဿနိ လုတ္တာဘယံ၊ မဂ္ဂဿပကာတံ ပါပံ၊
အစိနုအဟံ၊ သတ္တေသရေဝါလော”

ဂါထာကို (၃၇)အုပ်မန်း၍ (စုပ်)ပြီး အင်းတော်ကို မိုင်းတိုင် စက္ကူတွင်ချ၍ ကျောင်း၊ အိမ်ထုပ်၏ အပေါ်ထားက လာဘ်ပွင့်မည်။ ဦးခေါင်းရင်းတွင် ထားက စီးပွားတိုးမည်။ ကုန်ရောင်းမထွက်လျှင်


www.burmeseclassic.com

www.burmeseclassic.com




* အောက်ဖော်ပြပါ ဂါထာကို အခေါက်ရေ (၃၀)ရွတ်ဖတ်၍ ဆုတောင်းဆုယူပြုပါ။

"ဗုဒ္ဓါနံ မဟာလာဘာသ နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဧတေန သစ္စဝဇ္ဇေန ဟောတုမေ လာဘာဝဇနံ။

ဗုဒ္ဓါနံ မဟာတေဇသ နသက္ကာ ကေနစိ အန္တရာယော ကာတုံ၊ ဧတေန သစ္စဝဇ္ဇေန ဟောတုမေ တေဇဝဇနံ"

သဗ္ဗသိဒ္ဓိ ဂန္ဓီရအင်းကို မိမိနှစ်သက်ရာအရွယ် စီမံကူးယူပြီး ပလတ်စတစ်လောင်း၍ ကိုယ်နှင့်မကွာ ဆောင်ထားပါက အကျိုးရှိပေလိမ့်မည်။

* ဟေမိတ္တံအင်း *



* ဟေမိတ္တံအင်း ဂါထာမှာ -


"ဟေမိတ္တံ ဟိတံပုညံ ယဋ္ဌယာစိ ကတံ ဖလံ၊
ဟေနန္တာ ပီယာပုတ္တာ ပီယာသီရိ ပီယာ ပီယာ၊
ခြောင်း . . သုံဝဏ္ဏဟာရ ဒွေးဖလံ။
ခြောင်း ကာယမတ္တိ မတ္တာယ သဟာသ ပဒိုပါယာယ၊
ဝိသာခါယ ဇောမိသတ္တာယ သဗ္ဗ နဂရေ



www.burmeseclassic.com


www.burmeseclassic.com





ဤစမမြတ်ကို (အနီရောင်၊ ခရမ်းရောင်)တို့နှင့် ရေးဆွဲပြီး နေအိမ်တိုက်တာ အခန်းတွင်းဆီမှ မျက်နှာမူထားရသော အရှေ့ဘက်ရှိရာရှိ "လမ်း၊ ကွင်းပြင်၊ လေလာ၊ ရေလာ၊ သစ်ပင်၊ ကျောက်တုံး"များဘက်ဆီသို့ မျက်နှာမူ၍ နိုင်မတ်စွာ ချိတ်ဆွဲထားရှိရမည်။

### * ရွှေဆရာတော်ကြီးများ အသုံးပြုခဲ့သည့် ကိစ္စဟူသမျှ အောင်မြင်စေသော အင်းတော်ကြီး *





www.burmeseclassic.com

www.burmeseclassic.com



## (ဘုရားခုနစ်ဆူ၏ နံတော်စဉ်ဇယား)

| အခြေအနေ | ပဋိသန္ဓေ တည်သောနေ့ | ဖွားမြင် သည့်နေ့ | တောထွက် သည့်နေ့ | ဘုရားဖြစ် သည့်နေ့ | တရားဦး ဟောသောနေ့ | ပရိနိဗ္ဗာန် ပြုသောနေ့ | တေဇောဓာတ် လောင်းသည့်နေ့ |
|---|---|---|---|---|---|---|---|
| ဝိပဿီဘုရား | တော ၀ | အုံ ၁ | ယုံ ၄ | သား ၆ | ကြက် ၂ | မြွေ ၅ | ဓား ၃ |
| ဝေဿဘူ ဘုရား | အ ၁ | ကောင်း ၂ | မြင် ၅ | တိုင်း ၀ | ဆိတ် ၃ | ညိုး ၆ | ဦး ၄ |
| ကကုသန် ဘုရား | ကောင်း ၂ | ဗိုက် ၃ | သိ ၆ | အောင် ၁ | လူ ၄ | တို့ ၀ | ဘောင် ၅ |
| ကောဏာဂုံ ဘုရား | ဇ ၃ | ရုပ် ၄ | တ ၀ | ကာ ၂ | မြ ၅ | အေး ၁ | သာ ၆ |
| ကဿပ ဘုရား | လူ ၄ | မင်း ၅ | အိတ် ၁ | ဆောင် ၃ | သင် ၆ | ကြိုး ၂ | နှောင် ၀ |
| ဂေါတမ ဘုရား | မြ ၅ | သိ ၆ | ကြ ၂ | လျှင် ၄ | တွေး ၀ | ဆ ၃ | ဦး ၁ |
| အရိမေတ္တေယျ ဘုရား | သိ ၆ | ဒွိ ၀ | အယ် ၃ | ပြား ၅ | အောင် ၁ | ဂါ ၄ | ကား ၂ |

( ဘုရား ခုနှစ် ဆူ အင်း )

| | | | | | | |
|---|---|---|---|---|---|---|
| ၀ | ၁ | ၄ | ၆ | ၂ | ၅ | ၃ |
| ၁ | ၂ | ၅ | ၀ | ၃ | ၆ | ၄ |
| ၂ | ၃ | ၆ | ၁ | ၄ | ၀ | ၅ |
| ၃ | ၄ | ၁ | ၂ | ၅ | ၁ | ၆ |
| ၄ | ၅ | ၁ | ၃ | ၆ | ၂ | ၀ |
| ၅ | ၆ | ၂ | ၄ | ၀ | ၃ | ၁ |
| ၆ | ၀ | ၃ | ၅ | ၁ | ၄ | ၂ |



www.burmeseclassic.com


www.burmeseclassic.com



စီးပွားဥစ္စာ၊ အလုပ်အကိုင်၊ အကြံအစည်များ၊ လာဘ်လာဘများအတွက် ပွင့်လန်းထူးခြားစေသည့် စမမြတ်ဖြစ်သည်။

မှတ်ချက် - တနင်္ဂနွေသားသမီးဆိုပါက "(၇) (၁) (၂)" ကို ဒေါက်လိုက်ရေးသွင်းရန် ဖြစ်ပါသည်။

## * နတ်မင်းကြီးများ၏ ကန္နားဓာတ်မိန့် စမ *




* မဏိမေခလာ နတ်သမီး၊ သာတာဂီရိ နတ်မင်း၊ ဣန္ဒာဒေဝါ နတ်မင်းကြီးများ၏ ဓာတ်မိန့်အရ နတ်မင်းကြီးများ ချီးမြှောက်တော်မူသော ကန္နားစမ ဖြစ်သည်။

* မိမိတို့အိမ်ဂေဟာတွင် မိတ္တူကူး၊ ပလတ်စတစ်လောင်း၍ ကပ်ထားရှိပါက အန္တရာယ်ရန်စွယ်အပေါင်းမှ ကင်းပစေပါသည်။

## * ရှစ်တွဲအင်းစမ *

ရှစ်တွဲစမအား မိတ္တူကူး၍ မိမိနေအိမ်ဂေဟာ၏ အပေါက်အဝင်ဝတွင် ခြေစုံရပ်ပါ။ မိမိ၏ ဘယ်၊ ညာလက်ညှိုးနှစ်ချောင်းကို ကြက်ခြေခတ်မြှောက်ပြီး အောက်ပါဂါထာကို (၃၇)ခေါက် ရွတ်

www.burmeseclassic.com

www.burmeseclassic.com



## * စမှာနဝင်း *

| | | |
|---|---|---|
| ၅ | ၃ | ၆ |
| ၇ | ၂ | ၁ |
| ၄ | ၉ | ၇ |

(အထွက်ကိစ္စမှန်သမျှ အသုံးပြုပါ)

အဆောင်အဖြစ် အသုံးပြုနိုင်သကဲ့သို့ ဖယောင်းတိုင်တွင် ပတ်၍ မီးထွန်း။ ထွက်စေလိုသော အရာတစ်ခုကို ဆုတောင်းပါ။

( ရှင်သီဝလိ ရဟန္တာ အင်းမြတ်မဟာ )

| | | | | | |
|---|---|---|---|---|---|
| | သီ | မ် | ဿ | ဏ္ဍ | |
| မ | ဂိ | ပော် | ဝ | သ | တိ |
| ဘာ | ဒွာ | မ | လာ | နု | လိ |
| ဘ | ဘံ | နူ | မွေ | ထေ | မွ |
| ဟာ | ဿ | ဘံ | ဝေ | စ | သ |
| | ဘာ | မ | ရ | လာ | |

### * ရှင်သီဝလိ ရဟန္တာ အင်းမြတ် မဟာ *

*ထောင့်(၄) ထောင့် တွင် ရေးရန် နမူနာ

၁) လာဘ်ရွှင်ပါစေ။
၂) ငွေဝင်ပါစေ။
၃) အကြံ အောင် စေ။
၄) ပညာတိုးစေ ... စသည်ဖြင့် ရေးပါ။

အင်းမြတ်မဟာကို မိတ္တူကူး၍ ဖယောင်းတိုင်တွင် ပတ်၍ မီးပူဇော်ပါ။ ငါးပါးသီလခံ၍ အဓိဋ္ဌာန်ပြု ဆုတောင်းပါ။ ဆုတောင်း ပြည့်လေ့ရှိသည်။ သစ္စာရှိပါ။

ဝေဿဘုန်းမြင့်




www.burmeseclassic.com


www.burmeseclassic.com



## * စ၊ ဓ၊ ဗ၊ ဝ (စမ) အဆောင်များ *



စ. ဓ. ဗ. ဝ (စမ)ပုံဖြစ်ပါသည်။ ကြေးပြားမှာ ရေးပြီး ဆောင်ထားရင် ဘေးကင်းတယ်လို့ ဆိုပါသည်။



စ. ဓ. ဗ. ဝ (စမ)ပုံဖြစ်လေ၏။ စက္ကူပေါ်တွင် ရေးဆွဲ၊ မှမဟုတ် မိတ္တူရွဲ့ကူးပြီး အိမ်အဝင်မှာ ကပ်ထားလျှင် အိမ်ထဲကို နှောင့်အယှက် ဝင်လို့မရပါလို့ ဆိုသည်။



စ. ဓ. ဗ. ဝ (စမ)ပုံဖြစ် သည်။ စက္ကူ၊ ကြေးပြားပေါ် ရေးပြီး ကိုယ်နဲ့အတူ ဆောင်ထားရင် အန္တ ရာယ်ကင်းဝေးတယ်လို့ ဆိုသည်။




www.burmeseclassic.com


www.burmeseclassic.com



## * စ၊ ဓ၊ ဗ၊ ဝ (စမ) အဆောင်များ *



စ. ဓ. ဗ. ဝ (စမ)ပုံဖြစ်ပါသည်။ ကြေးပြားမှာ ရေးပြီး ဆောင်ထားရင် ဘေးကင်းတယ်လို့ ဆိုပါသည်။



စ. ဓ. ဗ. ဝ (စမ)ပုံဖြစ်လေ၏။ စက္ကူပေါ်တွင် ရေးဆွဲ၊ မှမဟုတ် မိတ္တူရဲ့ကူးပြီး အိမ်အဝင်မှာ ကပ်ထားလျှင် အိမ်ထဲကို နှောင့်အယှက် ဝင်လို့မရပါလို့ သည်။



စ. ဓ. ဗ. ဝ (စမ)ပုံဖြစ် ည်။ စက္ကူ၊ ကြေးပြားပေါ် ရေးပြီး ယ်နဲ့အတူ ဆောင်ထားရင် အန္တ ယ်ကင်းဝေးတယ်လို့ ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com





အတွက် အကျိုးပေးမြန်တဲ့ စ. ဓ. ဗ. ဝ (စမ)အဆောင်တို့ပဲ ဖြစ်ပါသည်။


### * ကြီးလေးကြီး (စမ) အဆောင်များ *


ကြီးလေးကြီးဆိုတာက မြန်မာဗျည်းအက္ခရာမှာ ကြီးပါတဲ့ က၊ ဃ၊ ဏ၊ ဋ္ဌ တို့ ဖြစ်ပါသည်။ ကြီးလေးကြီးစမကို ဘုန်းတန်ခိုးကြီးခြင်း၊ ဉာဏ်ကြီးခြင်း၊ ပညာကြီးခြင်း၊ ဩဇာကြီးခြင်းနဲ့ စပ်လျဉ်းပြီး ကောင်းတယ်ဆိုပြီး ယူဆလက်ခံထားကြပါတယ်။

လောကီပညာရှင်တွေက အန္တရာယ်ကင်းတယ်။ ဘေးကင်းရန်ရှင်းတယ်။ မိတ်ဆွေတိုးတယ်လို့ ယူဆကြပြီး ဆောင်ထားလေ့ရှိတယ်လို့ ဆိုပါတယ်။










www.burmeseclassic.com

www.burmeseclassic.com






ဘေးအန္တရာယ်ရှိတဲ့နေရာကို မိမိသွားတဲ့အခါ ကိုယ်နဲ့ မကွာဆောင်သွားရမယ့် ကြိုးလေးကြိုး(စမ)ပါပဲ။ အန္တရာယ် ရန်စွယ်ကင်းပစေပါလိမ့်မယ်။




နေအိမ်မှာ အနှောင့်အယှက်ကင်းပြီး အိမ်တံခါးပေါက်မှာ ကပ်ထားရမယ့် ကြိုးလေးကြိုး(စမ)ပါပဲ။

www.burmeseclassic.com


www.burmeseclassic.com





* ဝိဇ္ဇာ မဟိဒ္ဓိ(စမ)

ယင်း ဝိဇ္ဇာမဟိဒ္ဓိ(စမ)ကို ဆောင်ထားမယ်ဆိုရင်တော့ ဖြင့် အားလုံး အဆင်ပြေမယ်။ ဆန္ဒရှိသမျှ ပြီးမြောက်စေတယ်လို့ ဆိုကြပါတယ်။




* ဣန္ဒိဒေဝ ဝိဇ္ဇာ(စမ)

ဣန္ဒိဒေဝဝိဇ္ဇာ(စမ)သည်လည်းပဲ ကိုယ်နှင့်မကွာဆောင် ထားလျှင် ဆန္ဒရှိသမျှပြီးမြောက်မယ်လို့ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





* တက္ကသိုလ် ဝိဇ္ဇာ (စမ)

ယင်း(စမ)သည်ကား ပညာသင်ယူနေတဲ့သူတွေအတွက် အဆောင်ကောင်းတစ်ခုဖြစ်ပါတယ်။

### * နတ်ဝိဇ္ဇာ (စမ)အဆောင်များ *

နတ်ဝိဇ္ဇာ (စမ)ပုံတွေဖြစ်ပါတယ်။ လောကီချမ်းသာ ရလို သူတွေက ယုံကြည်စွာ ဆောင်လေ့ဆောင်ထရှိတယ်လို့ ဆိုပါတယ်။



ကမ္ဘာစောင့်နတ် စမပုံ

www.burmeseclassic.com

www.burmeseclassic.com



## * ဒေဝီကိုးပါး (စမ)များ *

လောကီပညာရှင်တွေ ကိုးကွယ်တဲ့ (စမ)ပုံတော်တွေဖြစ်ပါတယ်။ ဤဒေဝီ(၉)ပါး (စမ)ရုပ်များမှ တစ်ရုပ်စီ လက်ဖွဲ့စီရင်ဆောင်လိုပါက ငွေပြား၊ ရွှေပြားနှင့် စီရင်ပါလေ။ နှစ်သက်ရာ ဒေဝီကိုလက်ဖွဲ့ပြု၊ လက်ဝဲလက်မောင်းတွင်ဆောင်ပါ။



၁) သူရဿတီဒေဝီ မယ်တော်

ပညာအရာမှာ လွန်စွာအားပေးသည့် မယ်တော်ဖြစ်သည်။ ပညာထက်မြက်လိုသူများ အဆောင်အဖြစ် ကိုယ်နှင့်မကွာ ထားကြ၏။




၂) သီရိဒေဝီ မယ်တော်

ငွေကြေးဥစ္စာ ဓနများကြွယ်ဝစေရန်နှင့် ရန်အပေါင်းမှ ကာကွယ်စေခြင်း အကျိုးပေးသည်။ မိတ္တူကူး၍ ဆောင်ပါ။


www.burmeseclassic.com

www.burmeseclassic.com





၅) ဂဟာပဘာနီဒေဝီ မယ်တော်
အိမ်စောင့်မယ်တော်
ဟု သမုတ်ခေါ်ဆိုကြသည်။ အိမ်အတွင်း၊ အပြင် ရန်တ
သမျှ ကာကွယ်ပေးသည်ဟု ဆိုသည်။



၆) စန္ဒာဒေဝီ မယ်တော်
မိတ္တူကူး၍ ဆောင်ပါ
လျှင် လူချစ်လူခင်ပေါမည်။ စန်းပွင့်၊ လာဘ်ရွှင်မည် ဟူ၏။

www.burmeseclassic.com

www.burmeseclassic.com







၉) မိန္တရာဒေဝီ မယ်တော်
ဒေဝီကိုးပါးတွင်
နောက်ဆုံးအချုပ်ဖြစ်၍ နတ်ဆိုး
များ၊ တစ္ဆေ၊ သရဲ၊ စုန်းကဝေ
မြွေဆိုး စသော ပယောဂမှ
ကာကွယ်ရန် မယ်တော်ကို
တမ်းတရည်စူးပါလေ။

## * အဖိုးတန်(စမ) အဆောင် *

အဖိုးတန်(စမ)တွေဟာ နတ်ဖြဟ္မာ၊ ရဟန်း၊ သူတော်စင် အားလုံး ပါဝင်ပါတယ်။ ထိုင်နေတဲ့ (စမ)ပုံတွေက အေးချမ်းမှုကို ပေးပါတယ်။ အက္ခရာဗျည်း၊ သရတွေနဲ့ စီရင်ထားတာပါ။ အဆောင်ကောင်းတွေပဲ ဖြစ်ပါတယ်။









www.burmeseclassic.com

www.burmeseclassic.com












www.burmeseclassic.com

www.burmeseclassic.com







* ကြောင်(စမ) အဆောင်


ပေါ့ပါးလျှင်မြန်ဖို့အတွက် ရည်ရွယ်ပြီး ပေါင်မှာ ဆေးမှင်နဲ့ထိုးရမှာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com






ဘယ်ခြေမှာထိုး




ညာခြေမှာထိုး



ခါးမှာထိုး



ဦးခေါင်းမှာထိုး




မြီးညှောင့်မှာထိုး

www.burmeseclassic.com


www.burmeseclassic.com



တဲ့။ အဆိုပါ ၄ကဲ(စမ)ပုံလေးတွေကို မိတ္တူကူးဆောင်ထားကြသလို တချို့က အရေပြားပေါ်မှာ စုတ်နဲ့ထိုးထား ပါတယ်။










မှတ်ချက် ။ ။ "အံ့ဖွယ် စမ ပန်းချီအဆောင်များ" ဆောင်ထားလိုပါက ဆဋ္ဌမအာရုံ မဂ္ဂဇင်းတွင် ပုံသန့်ထား အကြီးဆုံး လျှောက်လွှာစာရွက်ဆိုဒ်အထိ အခမဲ့လာရောက် တောင်းယူနိုင်ပါကြောင်း။ ကိုမောင်သန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com





။

**အရွက်၊ အညွန့်၊ အပင်တို့သည် ဆေးဖက်လည်းဝင်၍ ယတြာချေ ဓာတ်ဆင်၊ ဓာတ်ရိုက်အဖြစ် အသုံးပြုနိုင်ပါသည်။**

ကျွန်ုပ်သည် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်ပြီး သိပ္ပံ (ရုက္ခဗေဒဘွဲ့) လေးနှစ်တက်ကာ ဘွဲ့ရရှိခဲ့ပါသည်။ ဘွဲ့ရပြီးသော အခါ သစ်ပင်သစ်ရွက်တို့ကို လေ့လာသုတေသနပြု လူတွေအတွက် အသုံးဝင် အသုံးချနိုင်မည့်လုပ်ငန်း မဆောင်ရွက်နိုင်ခဲ့ပါ။

တက္ကသိုလ်ကပေးသော ရုက္ခဗေဒဘွဲ့မှာ နာမည်သာရှိပါ သည်။ (၁၉၉၀)တွင် ပညာရေးဝန်ထမ်း (ကျောင်းဆရာလုပ်) ဝင် ရောက်လုပ်ကိုင်ခဲ့သည်။ တစ်နှစ်တစ်ခါ ဇူလိုင်လတွင် သစ်ပင် စိုက်ပျိုးခြင်းအလုပ်ကို ကျောင်းသူကျောင်းသားများနှင့်အတူ (For Show) လုပ်ကိုင်ခဲ့ဖူးပါသည်။ထိထိမိမိ မဆောင်ရွက်ပေးနိုင်ခဲ့ပါ။

သို့သော် ကျောင်းမှာဖြစ်စေ၊ နေအိမ်မှာ ဖြစ်စေ၊ အပင် တစ်ပင်ကို ပေါ့ပေါ့တန်တန် စိုက်လိုက်သော်လည်း ထိုအပင်မှာ ရှင်သန်ကြီးထွားနေပါသည်။ စာရေးသူ အိမ်ခြံဝင်းတွင် အင်ကြင်း ပင် နှစ်ပင်၊ သစ်စိမ့်ပင် နှစ်ပင် ရှင်သန်နေပါသည်။

(၁၉၉၇)ခုနှစ်တွင် ဆန်းကျမ်းလင်္ကာ ဗေဒင်သင်တန်း တက်သည်။ အင်္ဂဝိဇ္ဇာပညာတွင် အရွက်အညွန့်နှင့် ဓာတ်ဆင်



www.burmeseclassic.com

www.burmeseclassic.com



သေညွန့်၊ ရေကသစ်၊ ရွှေပန်း၊ ဝါပင်၊ လမုပင်၊ လိမ္မော်ပင်၊ (ရွက်လုညွန့် အသုံးများသည်။) ရာဟုနံ သီးသန့်မယူပါ။ ဗုဒ္ဓဟူး- ရာဟု တွဲယူထားပါသည်။

**၅) ကြာသပတေးနံ (ပ၊ ဖ၊ ဗ၊ ဘ၊ မ)နှင့်စသော အပင်၊ အညွန့်များ**

ပျဉ်းမညွန့်၊ မေမြို့ပန်း၊ ပိန်းပန်း၊ ပေါက်ပင်၊ ပေါက်ပန်းဖြူ၊ ပြောင်းဖူး၊ မြင်းခွာရွက်၊ မာလကာရွက်၊ ပုဏ္ဏရိတ်၊ မအူပင်(ဘောလုံးပန်းပင်)၊ မြေဇာ (မြက်ပင်)။ (ပျဉ်းမရွက် အသုံးများသည်)

**၆) သောကြာနံ (သ၊ ဟ)နှင့်စသော အပင်၊ အညွန့်များ**

သီဟိုဠ်ပင်(သီဟိုဠ်ညွန့်)၊ သီးညွန့်၊ သံသတ်ညွန့်၊ သဘော ရွက်၊ သပြေညွန့်၊ ဟင်းနနွယ်။ (သီဟိုဠ်ရွက်အသုံးများသည်)

**၇) စနေနံ (တ၊ ထ၊ ဒ၊ ဓ၊ န)နှင့်စသော အပင်၊ အညွန့်များ**

ထန်းညွန့်၊ ဒါန်းပင်၊ ဒါန်းညွန့်၊ ဓန်ရွက်၊ ဒေါနပန်း၊ တမာ ညွန့်၊ နာနတ်ရွက်၊ ထိန်ပင်၊ တောင်ထန်းပင်။ (ထန်းညွန့် အသုံးများ သည်။)

❖

လောကီပညာရပ်တွင် "မွေးနံကိုဆောင် - အောင်" ဟု ဆိုသော စာတိုရှိပါသည်။ ထို့ကြောင့် တနင်္ဂနွေသားသမီးဆိုပါက အ ညွန့်(၆)ညွန့် တင်လှူ၍ ရပါသည်။

အညွန့်ကိုဆောင်ရာတွင် ရှေးအခါက တနင်္ဂနွေသားသမီး ဆိုပါက အညွန့် တနလင်္ာနံ(ကံ့ကော်)ဆောင် လှူနိုင်းပါသည်။ စာရေးသူအနေဖြင့် (၇)နေ့သားသမီး အားလုံးအတွက် အ ဆုံး၊ အသန့်ရှင်းဆုံး (နဝင်းညွန့်)များကို ရေးသားဖော်ပြပါမည်။

နဝင်းညွန့်သိရန် ဦးစွာပထမ မူလမဟာဘုတ် သိရမည်။ မြန်မာမွေးသက္ကရာဇ်ကို (၇)ဖြင့်စားပြီး ချသော မဟာဘုတ်အိမ်

www.burmeseclassic.com



အောင်၊ လံ၊ ထူ၊ စစ်၊ သူ၊ ကြီး၊ ပွဲ လက်ကြဖြင့် မဟာဘုတ် ချသည်။

| | | |
|---|---|---|
| | ၄ လံ | |
| ၆ သူ | ၂ ကြီး | ၅ ပွဲ |
| ၃ စစ် | ၀ ထူ | ၁ အောင် |

မူလမဟာဘုတ်

ထိုမဟာဘုတ်တွင် –
၁နွေသား – ပုတိဖွား
၂တနင်္လာသား – သိုက်ဖွား
၃အင်္ဂါသား – မရဏဖွား
၄ဗုဒ္ဓဟူးသား – အဓိပတိဖွား
၅ကြာသာပတေး – ရာဇဖွား
၆သောကြာသား – အထွန်းဖွား
၇စနေသား – ဘင်္ဂဖွား

**တနင်္ဂနွေ သားသမီး**

မရဏနှင့် ရာဇဖွား – ကံကော်ညွှန့်
ပုတိနှင့် သိုက်ဖွား – ပျဉ်းမညွှန့်
ဘင်္ဂ၊ အထွန်း၊ အဓိပတိဖွား – သီဟိုဠ်ညွှန့်

**တနင်္လာ သားသမီး**

မရဏနှင့် ရာဇဖွား – ဇော်စိမ်း၊ ဆီးညွှန့်
ပုတိနှင့် သိုက်ဖွား – သီဟိုဠ်ညွှန့်
ဘင်္ဂ၊ အထွန်း၊ အဓိပတိဖွား – ထန်း၊ ဒန်းညွှန့်

www.burmeseclassic.com

www.burmeseclassic.com




ဤနဝင်းညွန့်နေ့နံ ဖွား
အလိုက် အကောင်းဆုံးအညွန့်တွေကို
မည်သို့ အသုံးချရမည်နည်း။

နဝင်းချေရာတွင် အထက်ဆောင်ပန်းအဖြစ် အသုံးပြုသည်။ သာမန်အားဖြင့် မိမိမွေးနေ့ နံနက်(၉)နာရီမှ (၁၀း၃၀)အတွင်း နဝင်းညွန့် ဂြိုဟ်သက်အလိုက် မိမိနေအိမ်၊ အလုပ်၊ ဆိုင်ခန်းတို့မှာ တင်ထား၍ရသည်။

အနှံးညွန့်ဆိုပါက(၆)ညွန့်၊ ဖန်ခွက်တစ်ခုထဲမှာ ရေတစ်ဖန်ခွက်ထည့်ပြီး အမြင့်တစ်နေရာမှာ တင်ထားပါ။ မနက်မအားပါက ည(၉)နာရီမှ(၁၀း၃၀)အတွင်း တင်ထားပါ။ တစ်ပတ်တစ်ကြိမ် အသစ်လဲ၊ ရေလဲပေးရပါမည်။

ဂြိုဟ်သက်များမှာ တနင်္ဂနွေ (၆)၊ တနင်္လာ (၁၅)၊ အင်္ဂါ (၈)၊ ဗုဒ္ဓဟူး (၁၇)၊ ကြာသာပတေး (၁၉)၊ သောကြာ (၂၁)၊ စနေ (၁၀)၊ ရာဟု (၁၂)တို့ ဖြစ်ပါသည်။

ဈေးဆိုင် ရောင်းကောင်းစေရန်၊ အိမ်သန့်ရှင်းစေရန် ထိုအညွန့်ဖြင့် ပက်ဖျန်းနိုင်ပါသည်။ ဖလားတစ်ခုထဲမှာ (ရေ+ရေမွှေး) ထည့်ပြီး လက်ယာရစ် ပက်ဖျန်းပါ။ ပြီးလျှင် ဖန်ခွက်ထဲထည့်၍ ပြန်တင်ထားလိုက်ပါ။

မည့်သည်ကိစ္စမဆို တစ်ပတ်တစ်ကြိမ် ပြုလုပ်ပါ။

ပညာရေးကိစ္စ ကျောင်းသူကျောင်းသား စားပွဲပေါ်၊ စာကြည့်စားပွဲ၊ စာအုပ်စင် တစ်နေရာရာတို့တွင် တင်ထားပေးသင့်ပါသည်။ ကောင်းကျိုးရရှိစေမည်မှာ အမှန်ဖြစ်ပါသည်။

❖



www.burmeseclassic.com

www.burmeseclassic.com






တစ်နေ့ သုံးကြိမ်၊ တစ်ပတ် (၇)ရက်ရိုက်ပေးပါက တစ်ပတ်အတွင်း ပြန်ရောက်လာမှာ သေချာပါသည်။

အနည်းဆုံး တစ်နေ့ တစ်ကြိမ်တော့ ရိုက်ပေးရမည်။

အရွက်ခြောက်လျှင် အသစ်ပြန်လဲပေးပါ။ ပြန်လာပါက စွန့်ပစ်လိုက်ပါ။ အကျီနှင့်ဓာတ်ပုံ ပြန်သိမ်းထားပါ။ လင်အတွက် ဇနီး၊ ဇနီးအတွက် လင်၊ သားသမီးအတွက် မိဘဆွေမျိုးတစ်ဦးဦးမှ ဆောင်ရွက်နိုင်ပါသည်။

❖

တနင်္ဂနွေနံ အိမ်၊ အဆောက်အဦ၊ အိုး၊ အုတ် စသည်တို့ ရောင်း ထွက်လိုပါက အိမ်တံခါးပေါက်ဝ ရောင်းလိုသည့်ပစ္စည်းကို ပိတောက် (၂၉)ညွှန့်နှင့် ရိုက်ပြီး တင်ထားပေးပါ။ မကြာခဏ ရိုက်ပေးပါ။ နှုတ်ကလည်း "အိမ်ဝယ်သူ လာစေ။ အိမ် ရောင်းထွက်စေ" စသည်ဖြင့် ပြောဆိုရပါမည်။



တနင်္လာသားသမီးဆိုပါက လက်ပံရွက်(၁၆)ရွက် (သို့မဟုတ်) လမု(၁၆)ရွက်ဖြင့် ဓာတ်ရိုက်ပေးရမည်။ မလွယ်ကူပါက အနည်းဆုံး (၉) ရွက်ပြုလုပ်ပါ။ အရွက် လုံးဝ မရပါက လက်ဖက်(၉)ပုံ ပြုလုပ်ပါ။


ကား၊ ကျောက်၊ ငွေထည် ပစ္စည်း၊ ကျောက်မျက်ရတနာ၊ ကြေးထည် ပစ္စည်း၊ ငါးခြောက်၊ ကွမ်းယာ ကြေးထည်ပစ္စည်း စသည့် တနင်္လာ ပစ္စည်း ရောင်းထွက်လိုပါက လက်ပံ

www.burmeseclassic.com

www.burmeseclassic.com



❖



အကြံအစည်အတွက် ကြံ ညွန့်၊ ကံကောင်းစေရန် ကံ့ကော် ညွန့်၊ ကံစွမ်းစေရန် ကန်စွန်းညွန့်၊ ပျိုတိုင်းကြိုက်စေရန် နှင်းဆီပန်း ပွင့် စသည်ဖြင့် ပေးလေ့ရှိပါ သည်။

"ပညတ် သွားရာ ဓာတ်သက်ပါ" ဟု ဆိုထား သောကြောင့် ယုံကြည်စွာ လုပ်ဆောင်နိုင်ပါသည်။ ရာနှုန်းပြည့်မှန်သည်ဟု မဆိုနိုင်ပါ။


သစ်ပင်၊ အရွက်၊ အညွန့်တို့တွင် အစောင့်များ ရှိပါသည်။

၁) ကန်စွန်းအဖြူတွင် နတ်ဘီလူး စောင့်ရှောက်သည်။

၂) ကန်စွန်းအနီတွင် ဆေးစောင့်ဘီလူး စောင့်ရှောက်သည်။

၃) နှင်းဆီအနီတွင် ဒေဝီမယ်တော်များ စောင့်ရှောက်သည်။

၄) စံပယ်ပန်းတွင် သာသနာစောင့်နတ်များ စောင့်သည်။



၅) ရွှေပန်းတွင် လာဘ် လာဘနှင့်သက်ဆိုင်သော နတ် စောင့်သည်။

၆) ပင်စိမ်းပင်တွင် မကောင်း ဆိုးဝါး စောင့်သည်။

၇) စပါးလင်ပင်တွင် နတ် မိစ္ဆာအကြီးစား စောင့်သည်။

၈) ကြက်သွန်ဖြူ၊ နီတွင် ဣထိဒေဝနတ်စောင့်သည်။

၉) မာလကာပင်တွင် သူတော်ကောင်းမစောင့်သည်။


www.burmeseclassic.com

www.burmeseclassic.com



အမြစ်၊ အညွန့် ဖောက်ထိုး မလှူသင့်ပေ။

ဥပမာ - တနင်္ဂနွေသားသမီး




အမြစ်အညွန့် အမှန်မှာ (၇+၂) ဒါန်းကြီး၊ ထောက်ကြံ့ပင်၊ နွယ်သာကီပင် စသည်တို့ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ (၂+၇)ဆိုပါက ခံတက်ညွန့်၊ ဂျင်းတက်ဆိုပါက ဖောက်ထိုးဖြစ်သွားပါမည်။ နဝင်း တွဲပြောင်းပြန်လည်း ရှောင်သင့်သည်။

အချို့လည်း အထက်ဆောင် ပန်းကို သုံးခုစလုံးကို ယူ ဆောင်ရွက်သည်။ အိုးအိမ်၊ အလုပ်၊ အိမ်ထောင်ကိစ္စ အဆင်ပြေစေရန် ၁နေ့၏ အထက်သုံးလုံး ပျဉ်းမ၊ ကံ့ကော်၊ သီဟိုဠ်သုံးမျိုး ပေါင်း လှူဒါန်းဆုတောင်းကြပါသည်။

(၇)နေ့သားသမီးများ (၇)နေ့၊ (၇)နံအတွက် အထက် ဆောင်ပန်း အသုံးပြုနိုင်သည်။ အောက်သုံးလုံး အရွက်အညွန့် အပေါ်မှာ မထားမိအောင် ဂရုပြုသင့်သည်။

ကောင်းကျိုးလို
ဆန္ဒပြည့်ဝကြပါစေ
ဂမ္ဘီရဆရာလှမျိုး (B.Sc)

www.burmeseclassic.com

www.burmeseclassic.com





။

မိန်းမပျိုကလေးများနှင့်
ဘာရှတ်တစ္ဆေတို့သည်
ဆက်စပ်ကြောင်း
ကြားဖူးကြ၍
ကလေးမလေးကို
သူ့အိမ် ပြန်ပို့လိုက်ကြ၏ ။

*** မိုးပျံကြက်ဥများ ***

အန်ဒီဂျိရှိဇာရီယိုသည် မလေးပြည်မှ သတင်းစာဆရာတစ်ဦးဖြစ်လေသည်။ ဝိညာဉ်လောကမှ နှောင့်ယှက်ခြင်းများကို သုမွှေးဖွားရာဇာတိမြို့ မလေးပြည်တွင် လည်းကောင်း၊ ဖြစ်ပျက်သည်များကို ကြားဖူး၊ ဖတ်ဖူးခဲ့ပေသည်။

ထိုကဲ့သို့သော ထူးဆန်းအံ့ဩဖွယ်ရာများကို သတင်းမှန်များကိုသာ ထည့်သွင်းဖော်ပြလေ့ရှိသော သတင်းစာများတွင် ဖတ်ဖူးပြီး မျက်မြင်တွေ့ခဲ့ရပါသည်ဆိုသော သူများထံမှ ကြားဖူးရသော်လည်း ယုံကြည်နိုင်ရန် ခဲယဉ်းလျက်ရှိသူတစ်ဦး ဖြစ်လေသည်။

ထို့ကြောင့်ပင် ဝိညာဉ်လောကမှ နှောင့်ယှက်မှုများ ဖြစ်ပေါ်လျက်ရှိသည်ဟု သတင်းရသော မီးရထား စက်ခေါင်းသမားတစ်ဦး၏ အိမ်သို့ သူကိုယ်တိုင် သတင်းယူရန်အတွက် ရောက်လာခဲ့လေသည်။

မီးရထားစက်ခေါင်းသမား လက်ဇလီမာဗင်ကျူသည် ကွာလမ်လာပူမြို့၊ ထရာဗားစ်လမ်း၊ အိမ်အမှတ် (၂၀၇)တွင် နေထိုင်၍ ရှိဇာရီယိုကို ကောင်းမွန်စွာ ဧည့်ခံသည့်ပြင် ဖြစ်ပျက်ပုံများကိုလည်း ပြန်ပြောင်းပြောပြပေ၏။



www.burmeseclassic.com

www.burmeseclassic.com





ပတ်ဝန်းကျင်ကို စူးစမ်းစောင့်ကြည့်ကြ၏ ဖြစ်ပျက်ပုံအလုံးစုံ၏ အဖြေကိုကား ရှာ မတွေ့ရှိကြသေးပေ။

အိမ်သားများကို ကြောက်ရွံ့ စေရခြင်းကား သောကြာနေ့ ညတွင် စတင်ဖြစ်ပေါ်လာ တော့သည်။

ကျွန်ုပ်၏ မိတ်ဆွေတစ်ယောက် ဖြစ်သူ မစ္စတာ ပီအေဟားဘတ်သည် မီးဖိုထဲ၌ စောင့်ကြည့်ချောင်းမြောင်းနေစဉ် အပေါ်မှ ကြက်ဥတစ်လုံး ကျလာသည်ကို ရုတ်တရက် တွေ့ရသည်ဆို၏။

ကြက်ဥသည် မီးဖိုပေါ်ကျ၍ ကွဲသွားလေတော့၏။ ခဏ အကြာတွင် ကျွန်ုပ်၏သမီး အသက်(၁၃)ရှိ ကျောင်းသူကလေး လူစီ မာရီယန်ကျသည် မီးဖိုခန်း၌ ထိုင်နေစဉ် သူ့ပေါင်ပေါ်သို့ ကြက်ဥ တစ်လုံးကျလာသဖြင့် လန့်သွားလေသည်။ ငါးဆင့်ပိုက်ဆံ တစ်စေ့လည်း ခေါင်းပေါ်သို့ကျ၍ ဘေးသို့ လွင့်စင်သွားသေးသည်။

ကျွန်ုပ်၏အဆိုမှာ လူစီသည် အိမ်သားများထဲတွင် စိတ်အနှောင့် အယှက်ပေးခြင်းကို အများဆုံး ခံရသူဆိုပေ၏။ များစွာသောအရာ ဝတ္ထုများမှာ သူ့အပေါ်သို့ ကျလာလေ့ရှိရာတွင် ယခုကဲ့သို့ ကြက်ဥ ကျလာခြင်းကို လူစီက များစွာကြောက်လန့်သည်ဟု ဆိုပေ၏။

လူစီသည် ရေခဲသေတ္တာဆီသို့သွား၍ သေတ္တာထဲမှ ကြက်ဥ များကို ရေတွက်ကြည့်ရန် လင်ပန်းဖြင့်ထည့်၍ အပြင်ခန်းသို့ ထွက် လာလေသည်။ ဤအချိန်တွင် မုတ်ဆိတ်ရိတ်ဓားကလေးတစ် သည် လူစီ၏ခေါင်းထက် ဆံပင်များကြားတွင် ဗိုကနဲ လာရပ်သည်ကို ဟားဘတ်နှင့်တကွ အခြားသူများပါ မြင်တွေ့လိုက်ရသည်ဆို၏။

ရဲဘက်မှလူများသည် အရပ်ဝတ်များဖြင့် လာရောက်ကြည့် စောင့်ရှောက်ကြပါသော်လည်း အကျိုးမထူးပါချေ။

ကျွန်ုပ်က ရှိဇာရီယိုအား ပြောပြရာတွင် ယခုအချိန်အထိ ဤ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရာ သုတေသနဝိမာန်က ကြက်ဥအစစ် လတ်လတ်ဆတ်ဆတ် ဖြစ်သည်ဟု ထောက်ခံချက်ပေးထားလေ၏။

ကျွန်ုပ်တို့သည် ဤသို့သော ဝိညာဉ်လောကမှ နှောင့်ယှက်မှု များ ပပျောက်စေရန်အတွက် ဒေါက်တာမတ်ကို ပင့်ဖိတ်ထားကြ၏။ ဒေါက်တာမတ်သည် ပီအိပ်ချ်ဒီဘွဲ့ထူး ရရှိထားသူတစ်ဦးဖြစ်၍ လူသိများသော သတ္တဗေဒဆရာဝန်လည်း ဖြစ်ပေ၏။

လွန်ခဲ့သော နှစ်အနည်းငယ်ခန့်က သီဟိုဠ်ပြည်ရှိ ကလယ် ကုလားတစ်ဦး၏ကိစ္စရပ်တွင် ယခုကဲ့သို့သော ဝိညာဉ်လောကမှ နှောင့်ယှက်မှုတစ်ခုကိုလည်း နှိမ်နင်းလာခဲ့သူပင်တည်း။

ဒေါက်တာမတ် ရောက်ရှိလာသောအခါတွင် စောစော ကျွန်တော်ဖော်ပြခဲ့သော ကြက်ဥကလေးမှာ ကြမ်းပြင်ပေါ်တွင် သူ နဂိုအတိုင်း တည်ရှိနေချေသေး၏။

အိမ်ရှင်ဖြစ်သူ ကျွန်ုပ်သည် ဒေါက်တာမတ်အား ဖြစ်ပျက်ခဲ့ သမျှ အလုံးစုံကို ပြောပြရာ၌ ကျွန်တော့အား မပြောပြရသေးသော အကြောင်းအရာများပင် ပါဝင်လေသည်။

ယခုကဲ့သို့ အဖြစ်မျိုး မကျရောက်မီ တစ်လခန့်က အသက် နှစ်ဆယ်ခန့်ရှိ တရုတ်အမျိုးသမီးချောကလေးတစ်ဦးသည် လူစီထံ လာရောက်နှုတ်ဆက်၏။ သူကား တစိမ်းပြင်ပြင် ဖြစ်ချေသည်။ သူက လူစီ၏မွေးနေ့ကို မေးမြန်းသည်ဆို၏။ လူစီက ကြောက်လန့် ၍ သူ့မွေးနေ့သည် နောက်တစ်နေ့ပင်ဖြစ်သည်ဟု လိမ်လည်ဖြေ ခဲ့လေ၏။

ထို့နောက် မကြာခဏဆိုသလိုပင် လိမ္မော်သီးများနှင့် အခြား လက်ဆောင်များကို အဆိုပါ တရုတ်မလေးက ယူဆောင်လာခဲ့ပြီး လူစီအား ပေး၏။ လူစီသည် တစိမ်းဆန်သူထံမှ လက်ဆောင် ခံ လေ့မရှိသော်လည်း ထိုလက်ဆောင်များကိုမူ ဘာကြောင့်မှန်း မသိဘဲ ယူထားမိလိုက်လေတော့သည်။

ဤတွင် ဒေါက်တာမတ်က ထိုလက်ဆောင်များကို ဖျက်ဆီး ပစ်ခိုင်းပြီး လူစီသည် ယခုနှောင့်ယှက်နေသော ပယောဂ ခိုကပ်



www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်နေသည်ဆို၏။ လူစီ၏လက်မောင်းတွင် ဆေးဖြူရာ ပေါ်ပေါက်သောနေ့မှ တစ်ပတ်တိတိကြာပြီးဖြစ်သော မတ်လ(၁၇)ရက်နေ့တွင် အနှောင့်အယှက်ပစ္စည်းတို့သည် လုံးဝ ပျောက်ကွယ်သွားလေတော့သည်။

အထက်ပါ ရိုဇာရီယို၏ ဖော်ပြချက်များသည် ကျွန်ုပ်တို့ မြန်မာပြည်ရှိ ပုဏ္ဏကတိုက်ပုံနှင့် နှိုင်းယှဉ် လေ့လာသင့်ပေသည်။ မြန်မာပြည်ရှိ ပုဏ္ဏကတိုက်ခြင်းက ပိုမို၍ ကြမ်းတမ်းခြင်းနှင့် ပုဏ္ဏကတိုက်ရာတွင် ပယောဂကောင်ကို တစ်စုံတစ်ဦးက စေခိုင်းခြင်းစသည်တို့သာ ကွာခြားချက်ရှိပေ၏။

❖

*** နောက်ပိုးတစ္ဆေ ***

ဤသို့သော ပုဏ္ဏကတိုက်ခြင်းနှင့် သဏ္ဌာန်တူစွာ ဒုက္ခပေးခြင်းကို ပြုတတ်လေသော ပယောဂကောင်ကို အင်္ဂလိပ်ဘာသာဖြင့် (POLTERGEIST)ဟု ခေါ်ဆိုလေသည်။ ဂျာမန်ဘာသာစကားမှ ဆင်းသက်လာ၍ (POLTER)မှာ "ဆူညံသော အသံ"ဟု အဓိပ္ပာယ်ရပြီး (GEIST)မှာ "တစ္ဆေသရဲ"ဟု အဓိပ္ပာယ်ရလေသည်။

အဖြောင့်ဆိုရသော် ဆူညံသောအသံများကို ပြုတတ်သော တစ္ဆေဟု ဆိုရပေမည်။ ကာလစကားဖြင့်ဆိုရသော် "ဘရုတ်ကျသော တစ္ဆေ(ဝါ) ဘရုတ်တစ္ဆေဟူသတည်း။

ဤတစ္ဆေမျိုးသည် နောက်ပိုးဆန်ဆန် ပြုတတ်သည်မှန်၍လည်း အနောက်နိုင်ငံ ဝိညာဉ်လောက သုတေသီတို့ ယူဆကြသေး၏။ ဒါဘီရှိုင်းယားနယ် မဲပေါးအရပ်တွင် ဖြစ်ပွားသော အဖြစ်အပျက်သည် သက်သေတစ်ရပ် ဖြစ်နိုင်ပေသည်။

အသက်(၇၃)နှစ်ရှိ ဝိုင်းလဒင်းဆိုသူ လင်မယား ယောက်တို့၏အိမ်တွင် အံဆွဲများသည် သူ့ဘာသာသူ ဖွင့်ပြီး ပိတ်ကြ ပြုလုပ်ကြ၏။ ရေဒီယိုခလုတ်သည်လည်း ဖွင့်လိုက်ပိတ်လိုက် ဖြစ်၏။ ရေနွေးကရားသည် သူ့ဘာသာ မီးဖိုပေါ်သို့ ခုန်တက်၏



www.burmeseclassic.com

www.burmeseclassic.com



၆၀ နေ့ထုတ် မြန်မာ့အလင်း သတင်းစာကြီးတွင်ပင် ဖော်ပြပါ
သော ထားဝယ်မြို့မှသတင်းတစ်ရပ်ကို ဖတ်ရှုလိုက်ရပေသည်။

ဖြစ်ပျက်ပုံမှာ အိမ်အပေါ်မှ အုန်းသီးကြွေကျသလို
အသံတစ်ခုကြားရပြီး လူမရှိသော အိမ်အတွင်းမှ ဒလိမ်းဒလိ
လိမ့်နေသောအသံ ကြားရပြန်သည် ဆို၏။ မရှေးမနှောင်းတွင်
(၁၅)မနစ် တစ်ကြိမ်၊ မိနစ်(၂၀) တစ်ကြိမ်ဆိုသလို (၅)ချက်၊ (၆
ချက် ပစ်ခတ်လိုက်သော ခဲသံများအားလည်း ကြားရသည်ဆို၏။

နေ့စဉ်ရက်ဆက်ပင် ထိုနည်းနှင်နှင်၊ ည(၈)နာရီခန့်မှ
သောက်(၂)နာရီကျော်သည်အထိ လှုပ်ရှားခြောက်လှန့်မှု ရှိသ
ဆို၏။ ဆရာရောက်လေ၊ ကြမ်းတမ်းလေဖြစ်သဖြင့် လောကီရေး
ဆရာများကို မပင့်ဖိတ်ရဲဘဲရှိရာ နောက်ဆုံး၌ လောကီပညာ အ
တမ်းလိုက်စားသူ ယူဘီအေရုံးမှ စာရေးကြီးဦးလှရင်က နှိမ်နင်း
လိုက်နိုင်ကြောင်း ဝမ်းမြောက်စွာ ဖတ်ရှုရပေသည်။

သို့ရာတွင် အဆိုပါ သတင်းအရ ဦးလှရင်က ပယော
ကောင်ကို မည်သို့ ဘွဲ့တပ်သည်ကို မသိရသည့်အပြင် သတင်း
တွင်ပင် လူတချို့က ယခင် အိမ်ပိုင်ရှင် အမျိုးသမီးတစ်ဦး သေ
ပြီး သရဲဖြစ်နေသယောင်ယောင် ပြောကြကြောင်း ပါရှိနေပြန်
၍ကိစ္စတွင် ပုဏ္ဏကတိုက်ခြင်းလား၊ တစ္ဆေရှိုးရှိုး ခြောက်လှန့်ခြ
လားဟူ၍ ကျွန်ုပ်တို့ ကွဲပြားစွာ မသိရှိနိုင်ပါချေ။

မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်သည် "နိုင်ငံခြား လျှို့ဝှ
ဆန်းကြယ်များ"ကို မှတ်တမ်းတင်ရာတွင် နှိုင်းယှဉ် လေ့လာနိုင်
စေခြင်းငှာ မြန်မာပြည်၌ ၁၉၆၀-ခုနှစ်၊ ဒီဇင်ဘာလ(၁၅)ရက်
လောက်က ပေါ်ပေါက်လာသော မြန်မာ့ လျှို့ဝှက်ဆန်းကြယ်ဖြစ်
ကိုပါ ပူးတွဲမှတ်တမ်းတင်လိုက်ရခြင်း ဖြစ်ပေတော့သတည်း။

သ



www.burmeseclassic.com

www.burmeseclassic.com



# မိုးကျလက်ဖက် ဒန့်ကျွဲရွက်နှင့် ဆေးဖက်ဝင်ပုံ



ငယ်စဉ်တုန်းက အဘွားက မိုးရာသီတွင် မိုးကျလက်ဖက်သုပ်ကို ကျောင်းမှပြန်လာတိုင်း ရေနွေးကြမ်းပူပူလေးနှင့် တိုက်ကျွေးသည်။ မိုးကျလက်ဖက်သုပ်တွင် နမ်း၊ ကြက်သွန်ဖြူကြော်နှင့် ကြက်သွန်နီကို ပါးပါးလှီး၍ထည့်ပြီး ဆီစိမ်းဆမ်းကာ သံပုရာသီး အနည်းငယ်ညှစ်ထားသဖြင့် စား၍ အလွန်ကောင်းသည်။

ဒါပေမဲ့ ဘာအရွက်ဆိုတာကိုတော့ဖြင့် မသိခဲ့ပါ။ အဘွား၏ညီမ အဘွားလေး၏ခင်ပွန်း (အဘိုးလေး)မှာ မော်ဘီဆရာပိုင်း (မော်ဘီဆရာသိန်းကြီးတပည့်)ဟု အသိများပြီး ကလေးသူငယ်နာဆေး၊ တိုင်းရင်းဆေးများကို ကိုယ်တိုင်ဖော်စပ် ကုသပေးခဲ့သူဖြစ်သည်။

အဘိုးလေး မော်ဘီဆရာပိုင်းက မိုးကျလက်ဖက်အကြောင်းကို ဤသို့ပြောပြလေသည်။ မိုးကျလက်ဖက်ပင်ဟု အရပ်ဒေသအလိုက်ခေါ်ပြီး မြန်မာလို ဒန့်ကျွဲပင်ဟုခေါ်ပြီး ရုက္ခဗေဒအခေါ်မှာ Cassiafoetida ဟု ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com





ပြီး နမ်း၊ ကြက်သွန်ဖြူကြော်၊ မြေ
ဆန်၊ ဆီချက်၊ ကြက်သွန်နီ ပါ
လှီးထည့်ပြီး သုပ်စားလျှင် မိုး
လက်ဖက်သုပ်ဟုခေါ်
ခံတွင်းမြိန်၍ အစာကြေ
ညက်စေသည်။

သွေးကိုကြည်လင်
စေပြီး ခွန်အားတိုး
အပူဖြိမ်းစေတတ်
အသည်းကိုလည်း ကောင်းစေ
သည်။

❖

**ဒန့်ကျွဲရွက်နှင့် အသီးတို့၏ ဆေးဖက်ဝင်ပုံများ**

ဒန့်ကျွဲသီးအနကိုပြုတ်၍ တို့စားလျှင် ခံတွင်းကောင်းစေ
ပြီး အစာကြေသည်။ ဒန့်ကျွဲရွက် အသီးစေ့၊ အမြစ်တို့နှင့် ဖော်စပ်
ထားသောဆေးနှင့် အသည်းကြီးရောဂါ၊ အသည်းအဆီဖုံးခြင်း၊
အသည်းပြည်တည်ခြင်း၊ အသည်းရောင်ခြင်း ရောဂါများအတွက်
တိုင်းရင်းသမားတော်များက ကုသကြသည်။

ဒန့်ကျွဲပင်၏အမြစ်ကို သွေးလိမ်းခြင်းဖြင့် ယားနာအမျိုး
မျိုး၊ အဖုအကြိတ်များ ပျောက်ကင်း၍ အဆိပ်ပြေစေသည်။ ဒန့်ကျွဲ
သီးအစေ့ကို အမှုန့်ကြိတ်၍ လက်ဖက်ခြောက်နှင့်ဆတူရော
ရေနွေးကြမ်းခပ်သောက်လျှင် ဆီးကျိတ်ရောဂါပျောက်ကင်းသည်။

ဒန့်ကျွဲသီးအစေ့ကို အခြောက်လှမ်းပြီး ကော်ဖီမှုန့်
သကြားနှင့်ဖျော်သောက်ပါက အိပ်ပျော်ခြင်း၊ တုတ်ကောင်
အကျိုးရှိသည်။ အမျိုးသမီးများ၏ အလှဖျက်သော မျက်နှာ
အပိန့်များကို သံပုရာရည်နှင့် သွေးလိမ်းလျှင် ပျောက်ကင်းသည်။

အမျိုးသမီးများ အဖြူဆင်းခြင်းအတွက် ဒန့်ကျွဲပင်အ


www.burmeseclassic.com

www.burmeseclassic.com

## ကိုမင်းဒင်နှင့်

# အာဠာဝက မှော်ကျင့်စခန်း

သစ္စာဝါဒီ မြတ်စောလင်း



www.burmeseclassic.com

www.burmeseclassic.com





(၁)

ဒီနှစ် ဆောင်း အလွန်ပင် အေးလှ၏။ ရန်ကုန်မှာ ဆောင်းရာသီ မရှိသလောက် ဖြစ်သည်။ ဒီနှစ် ဒီဇင်ဘာ (၅)ရက်နေ့က စ၍ ဆောင်းလိုလို ဘာလိုလိုဖြစ်လာခဲ့၏။ ဆယ့်ငါးရက်နေ့ကြတော့ တကယ့် ဆောင်းပါပဲ။

ကျွန်ုပ်သည် မနေ့က ဖုန်းဆက်တာ မရ၍ (၈)နာရီခွဲမှာ စာတည်းချုပ်ဆီကို ဖုန်းဆက်လိုက်တယ်။ ဆဋ္ဌမအာရုံမဂ္ဂဇင်း အမှတ်(၆)ထွက်ပြီလားဆိုတာ သိချင်လို့ ပြီးတော့ ရက္ခစိုးမှော်ကျင့်စဉ် ဇာတ်လမ်းတစ်ပုဒ်ကိုလည်း စာတည်းချုပ် ကိုမိုးကို ပေးချင်လို့ . .။

"ဟဲလို . . ကိုမိုးလား"

"ဟုတ်ပါတယ်"

"နိုးပြီလား"

"ဟဲ . . ဟဲ ... ဒီနေ့တော့ စောစောနိုးနေတယ်။ မြို့ထဲသွားစရာရှိလို့"

"ကျွန်တော် စာမူပို့ဖို့ ဘယ်အချိန်လာခဲ့ရမလဲ"

"ဒီမနက်ပဲ လာခဲ့လိုက်လေ။ (၁၀)နာရီထိုးရင် ကျွန်တော်က မြို့ထဲသွားမှာ"

"ဟုတ်ပြီ . . ဟုတ်ပြီ၊ ဒါဆို အခုပဲ ထွက်လာခဲ့မယ်"

ကျွန်ုပ်သည် ညအိပ်အနွေးထည်ကို ချွတ်၍ နေ့ဝတ်ဂျာကင်အင်္ကျီကို ထပ်ဝတ်လိုက်သည်။ လွယ်အိတ်ကိုဆွဲ၍ ချက်ချင်းပင် ကျွန်ုပ်၏ဗေဒင်ဟောခန်းဖြစ်သော ကျိုက္ကဆံဘုရားအရှေ့ဘက်မုခ် ဆိုင်ခန်းအမှတ် (၇)မှ (၃၉)ကားမှတ်တိုင်ရှိသော ဘုရားလမ်းထိပ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့အဖေက ဗေဒင်ဆရာ၊ ဆေးဆရာ၊ ပယောဂဆရာ
တော့ စုံတာပေါ့။ အဖေ့ရဲ့အဖေက ဆရာရှင်၊ ဆရာရှင်ရဲ့အဖေ
ဦးရွှေပေါ"

"ဦးရွှေပေါက မန္တလေး ရတနာပုံ မင်းနေပြည် မင်းတု
မင်းတရားကြီးရဲ့ အတွင်းဓားထမ်း၊ သက်တော်စောင့် သမီးတေ
ရဲ့ လေ့တော်ဦးစီးမင်းဖြစ်ပြီး စုန်းကဝေမကြီး အမေနီနေတဲ့ ရေစ
ကန့်လန့်အပါအဝင် တပ်ထောင် သုခ ကာရီ ရွှေပေါက်ပင် စတဲ့ (၁
ရွာစားရတဲ့ ရွာစားကြီးဦးရွှေပေါပဲ"

"အဲဒီအဘိုးအဘေးတွေကလည်း ဆေးဆရာ၊ ဗေဒ
ဆရာ၊ ပယောဂဆရာ၊ ဂိုဏ်းဆရာတွေပဲ။ ဒါကြောင့် သုတဆိုတ
ပညာတော့ရှိပြီး ရသဆိုတဲ့ဇာတ်လမ်းကတော့ ဆရာခိုင်းမှ
မန္တလေးပြန်ရဦးမယ် ထင်တယ်"

"ရပါတယ် . . ဆရာလိုချင်တဲ့ အာဠာဝကမော်ကျွင့်စဉ်န
ဇာတ်လမ်းတစ်ပုဒ် နောက်လမှာ ပြီးအောင် ရေးလိုက်ပါ့မယ်။ ဒါ
မဟုတ်လား။ ကျွန်တော့ကို ပြန်ခွင့်ပြုပါဦး။ ဗေဒင်ခန်း ဖွင့်ရဦး
မယ်။ စမူခလေးနဲ့တင် ရပ်တည်လို့ မရဘူး။ ဗေဒင်ဆရာဆိုတော
ဗေဒင်ဟောခန်းမှာ လူရှိမှ ငွေက ရမှာလေ"

(၂)

ကိုမင်းဒင်သည် အချုပ်ခန်းအတွင်းမှ မျက်လုံးပြူး၍ အဝေ
သို့ လှမ်းကြည့်နေ၏။ လက်နှစ်ဖက်က အချုပ်ခန်းသံတိုင်ကို ကျ
ကျစ်ပါအောင် ဆုပ်ထားသည်။ အသားညိုညို ထွားကြိုင်း၍ အရ
အမောင်းကောင်းသော ကိုမင်းဒင်၏ရုပ်ရည်မှာ ခန့်ညားထည်ဝါမှ
ရှိသော ဥပမိရုပ်ပင် ဖြစ်၏။

အညာသား မြန်မာလူမျိုးပီသစွာ သျှောင်တစ်စောင်း၍ ထုံး
ထားသော ကိုမင်းဒင်သည် အံကိုကြိတ်၍ လက်မောင်းကြွက်သား
များ တဆတ်ဆတ်တုန်လာအောင် သံတိုင်ကို ဆုပ်ကိုင်ပြီး အံကို
ကြိတ်လိုက်၏။ အချုပ်ခန်းတွင်းမှ တခြားအချုပ်သားများကလည်း



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းစပ်တိုက်ခိုက်ခဲ့သော်လည်း စစ်ဗျူဟာ မကျွမ်းကျင်ခြင်း တပ်စုတပ်ဖွဲ့အင်အား မရှိခြင်းတို့ကြောင့် ထောင်ချီသောင်းချီသော ကုလားတပ်ကို အရှုံးပေးခဲ့ရ၏။

ဤသည်ကို ကိုမင်းဒင် စဉ်းစားမိသည်။ သို့သော် ယခုကိစ္စက အလုံးအရင်းရှိသောတပ်ကို တွန်းလှန်ရန် မဟုတ်။ နိုင်ထက်စီးနင်း ယှပ်နေသော ဗျူရိုကရက်နှင့် စိတ်ဓာတ်ရှိသူတို့ကို တွန်းလှန် ချိုးနှိမ်ရန်အတွက် ဖြစ်သည်။ ထို့ကြောင့် ကိုမင်းဒင် အာဋ္ဌာဝက ဆေးကို ဆရာကြီးဆရာရှင်ထံမှ ထိုးနှံခဲ့ခြင်းဖြစ်သည်။

ကိုမင်းဒင်သည် အောက်ပြည်အောက်ရွာမှ ဇာတ်မင်းသား ပုဏ္ဏားပျံကျော်အေး၏ သတင်းကို ကြားဖူး၏။ ရှစ်ပေကိုးပေမြင့်သော အိမ်၏ပြူတင်းပေါက်မှနေ၍ ခုန်ချပြီး ခြံစည်းရိုးဆူးတားကို ခုန်၍ ထွက်နိုင်သူဖြစ်သည်။ သို့ကြောင့် ပုဏ္ဏားပျံကျော်အေး ကလျှင် အမြင့်ကြီးကို ခုန်၍ ခုန်၍ ကနိုင်ခြင်းပင် ဖြစ်၏။ ပုဏ္ဏားပျံ ဦးကျော် အေးလည်း အာဋ္ဌာဝကဆေး ထိုးထားသူပင်ဖြစ်၏။

ကိုမင်းဒင်သည် ခြေထောက်အကြောများ တင်းအောင် အားယူလိုက်သည်။ ရှေ့သို့ စူးစိုက်ကြည့်နေသော မျက်လုံးကိုမှိတ် လိုက်၏။ အံကိုကြိတ်လိုက်ပြီး နှုတ်ခမ်းနှစ်ခုကို စေ့လိုက်သည်။

"ငါဟဲ့ ယောက်ျားဘသား . . အာဋ္ဌာဝကတဲ့ဟေ့"

ကိုမင်းဒင်၏အသံသည် အချုပ်ခန်းအပြင်ဘက် အတောင် တစ်ရာလောက်ထိ ကျယ်လောင်စွာ ဟိန်းထွက်၍သွားတော့၏။ အသံ နှင့်အတူ ဝုန်းကနဲ မြည်သံပါ ပေါ်ထွက်လာပြီး အချုပ်ခန်း သံတိုင် များ လဲပြိုကျသွားတော့၏။

ထိုနှင့်အတူ ကိုမင်းဒင်သည် ခုန်ကျော်၍ တစ်ပတ်ကျွမ်း ထိုးပြီး အဆောက်အဦ၏ အပြင်ဘက်သို့ရောက်အောင် ထွက်လိုက် ၏။ ဗြိတိသျှတို့၏ ကုလားပုလိပ်နှစ်ယောက်သည် ရိုင်ဖယ် သေနတ် ကိုမောင်းတင်ကာ ကိုမင်းဒင်ကို ပစ်နေကြတော့၏။

သေနတ်မှကျည်များ တဒိုင်းဒိုင်းနှင့် ထွက်၍နေသော်လည်း ကျည်ဆံများသည် ကိုမင်းဒင်အသားကို မထိုးဖောက်နိုင်။ ကိုမင်းဒင်



www.burmeseclassic.com

www.burmeseclassic.com



တောင်ဘက်တွင် ရှိ၏။ ၎င်းရိုးဘက်တွင် ရေနီးသဖြင့် သရက်ပင်၊ မာန်ကြီးပင်၊ ကုက္ကိုပင်များက အုံ့ဆိုင်း၍ မှိုင်းညို့နေ၏။

ရွာ၏အရှေ့ဘက်၊ တောင်ဘက်တို့တွင် စိမ်းစို အုံ့မှိုင်း ရှိနေပြီး အနောက်မြောက်ဘက်တို့တွင် ဖုန်းဆိုးတောများနှင့် တီးမြေ၊ ဂဝံကျောက်ဖျာချပ်ကြားများ၊ တောင်ဂမူငယ်များဖြင့် လင်းပြင်သဖွယ် ခြောက်သွေ့နေ၍နေ၏။

ထိုအရပ်ဘက်မှ ယုန်များ၊ တောခွေးများ၊ ကျားသစ်များနှင့် မြွေဆိုးများလည်း ကျက်စားနေထိုင်ကြ၏။ တဖြည်းဖြည်း မှောင်စပျိုးလာပြီဖြစ်၏။

ဆရာကြီးဆရာရှင်သည် ခေါင်းပေါ်ရုံမှ တူးထားသော ကျင်းဝ၏ဘေးတွင် ကိုမင်းဒင်ကို ဆောင့်ကြောင့် ထိုင်စိုင်းလိုက်၏။ လက်နှစ်ဖက်ကို ဒူးတွင်ပိုက်၍ ဒူးခေါင်းပေါ်တွင် ခေါင်းကိုင်၍ မေးကို တင်ထားခိုင်းလိုက်၏။

ဆရာကြီးဆရာရှင်သည် ကိုမင်းဒင်ကျောပြင်ကို နမ်း အနည်းငယ်ဖြင့် ပူအောင်ပွတ်လိုက်၏။ ပြီးလျှင် ဝါးမြစ်ဆုံဖြင့် လုပ်ထားသော ဆေးရိုးကြီးနှင့် ကာယသိဒ္ဓိဆေးများ ထည့်ထားသည့် ကြွတ်ခွက်(စုတ်ခွက်)ကလေးထဲသို့ သုံးဆစ်ပြုလုပ်ထားသည့် ကြေး ဝါလေးခွစုတ်ကို ညာလက်ဖြင့်ယူ၍ စုတ်ခွက်ထဲမှဆေးကို တို့ လိုက်၏။

စုတ်၏အထက်အရင်းပိုင်းတွင် အာဋ္ဌာဝကဘီလူးရုပ်သည် မျက်လုံးပြူးပြူး၊ အစွယ်ငေါငေါဖြင့် ကိုမင်းဒင်၏ ကျောကုန်းကို စိုက် ကြည့်နေသလို ထင်ရ၏။ စုတ်ခွက်ထဲမှ ဟင်္သာပြဒါး နီရဲရဲအရောင် လေးသည် ကြေးဝါးလေးခွစုတ်၏အဖျားတွင် ပါလာ၏။

"ဆေးထိုးတော့မယ် မောင်မင်းဒင် . . ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို အာရုံပြုထား"

"ဟုတ်ကဲ့ . . ဆရာကြီး အာရုံပြုထားပါ့မယ်"

"ဘာမှ မကြောက်နဲ့ . . ဒီဆေးအောင်သွားရင် မင်း တွန်း လှန်ချင်တဲ့ အင်္ဂလိပ်တွေကို ကောင်းကောင်း တွန်းလှန်နိုင်မယ်



www.burmeseclassic.com

www.burmeseclassic.com





ညာဖက်ခြေထောက်ဖြင့် ကျင်း ထဲသို့ ကန်ချလိုက်တော့၏။ ကိုမင်းဒင်သည် ဆရာကြီးကြိုတင် မှာထားသည့်အတိုင်း ဆရာကြီး က ခြေထောက်ဖြင့် ကန်ချလိုက် သည်နှင့် တစ်ပြိုင်နက် –

"ငါဟဲ့ . . ယောက်ျား မတစ်ထောင် တစ်ကောင်ဖွား ယောက်ျားဘသား"

ဤသို့ဆို၍ ရုန်းလိုက် သောအခါတွင် ကိုမင်းဒင်ကို တုတ်နှောင်ထားသောကြိုးများ ပြတ်၍ ကျင်းထဲသို့ ရောက်သွား၏။ ကျင်းထဲမှနေ၍ တစ်ဖန် ခုန်ထွက်လိုက်ရာ ကျင်းနှုတ်ခမ်းပေါ်သို့ ပြန် ရောက်လာ၏။

"မောင်မင်းဒင် ပထမအဆင့်တော့ အောင်ပြီ၊ နောက် တစ်ဆင့်အတွက် မင်းလုပ်ရဲပါ့မလား"

"ဘာလုပ်ရမလဲ ဆရာကြီး"

"ကျင်းထဲမှာ မတ်တပ်ရပ်ပြီး တစ်ရက် တစ်ညနေရမယ်၊ ဆရာပေးတဲ့ ဂါထာရွတ်ရမယ်။ အမဲ (၇)ပုံကုန်အောင် ဂါထာရွတ် နိုင်ရင် တစ်ညတည်းနှင့်ပြီးမှာပါ"

"ကျင်းထဲမှာ ဒီအတိုင်းပဲ ရပ်နေရမှာလား"

"ကျင်းထဲမှာရပ်ပြီး ဘေးတွေမှာ သဲအပြည့်ဖို့ထားမယ်၊ ခေါင်းကလေးပဲ ဖော်ထားမယ်။ မင်းရဲ့ရှေ့မှာ အမဲသား (၇)ပုံ မယ်။ ညာဖက်လက်၊ ဘယ်ဖက်လက်နှစ်ဖက်ကို ကျင်းနှုတ်ခမ်း ဘေးမှာ တင်ထားမယ်။

ဂါထာ (၁၀၈)ခေါက်ပြီးတိုင်း အမဲသားတစ်ပုံကို သုံးစား မယ်။ (၇)ပုံဆိုတော့ ဂါထာ (၇)ခေါက်၊ ဂါထာပေါင်း (၇၅၆)ကြိမ် ရွတ်ရမယ်။ ရှေ့မှာ ရေဘူးရှိမယ်။ ရေသောက်နိုင်တယ်။ တခြား



www.burmeseclassic.com

www.burmeseclassic.com


အမှိုတွင် ချထားပေး၏။

အားလုံးပြီးသောအခါ -

"မောင်မင်းဒင် လိုက်ဆို၊ ဆရာ သုံးခေါက်ချပေးမယ်၊ သေသေချာချာ မှတ်။ ဂါထာက မရှည်ဘူး"

"ဥုံ မယ္ဈတိရဲ ခမတိ ခမကိယံ အတ္တံဘုဋ္ဌာဟိသွာ"

"ဥုံ အာဋာဝက ရက္ခ မယ္ဈ အတ္တ သဒ္ဒိဖေယံဒေတု"

"ဥုံ ဘသသဝိသာဒေဘံ တိဟံစတောရောထိန် ဂမ္ဘုမ္ဗဒ္ဓရ ဝက တိဌာတု မံ ရက္ခတိ"

ကိုမင်းဒင်သည် ဆရာကြီးချပေးသော ဂါထာမန္တန်တို့ကို နောက်မှနေ၍ သေချာစွာလိုက်ဆိုပြီး မှတ်သားလိုက်၏။ ဆရာကြီးက သုံးကြိမ်သုံးခေါက် သင်ပေးပြီးသောအခါ ကိုမင်းဒင်သည် ဆရာကြီးအား ပြန်၍ ဂါထာသုံးပုဒ်စလုံးကို ရွတ်ပြလိုက်၏။

"ငါ့တပည့် တော်သားပဲ၊ မင်းမှတ်ဉာဏ်ကောင်းသားပဲ၊ အေး . . ညမှာ လာလိမ့်မယ်။ ကြောက်စိတ် လုံးဝမဝင်ဘဲ မင်း ဒီ ဂါထာသုံးပုဒ်ကို ဌာန်ကရိုဏ်းကျကျရွတ်ပါ။ အောင်မြင်ပါလိမ့်မယ်၊ ငါ့တပည့် နံပါတ်တစ် ကိုယ့်ကိုယ်ကို ယုံကြည်ရမယ်။ အဲဒီ ယုံကြည်ချက် (၃)ခုစုံရင် ပြည့်မြောက်ရင် သိဒ္ဓိအောင်မြင်မှာပါ။

ဆရာကြီးသည် တပည့်ဖြစ်သူခေါင်းပေါ်တွင် လက်နှစ်ဖက် တင်၍ သနခြေခြင်း၊ သိဒ္ဓိတင်ခြင်းစသော ဂါထာများကိုရွတ်၍ ကိုမင်းဒင်၏ခေါင်းအား (၇)ချက်သပ်ပြီး မတ်တပ်ရပ်လိုက်၏။

"ကဲ တပည့် လုပ်ငန်းစတော့ . . မှောင်လည်း မှောင်လာ ပြီ။ ဆရာပြန်မယ်။ ဆရာပြန်တာနှင့် မင်းဆီကို သူတို့လာကြလိမ့် မယ်။ မကြောက်နဲ့နော် . . ငါ့တပည့်အောင်မှာပါ"

ဆရာကြီးဆရာရှင်သည် သူ့တပည့် ကိုမင်းဒင်ကို အားပေး စကားပြော၍ ပြန်သွားတော့၏။ ထိုအချိန်သည် ညနေ (၆)နာရီ ကျော်ကျော်မျှလောက် ရှိနေပြီဖြစ်၏။ လမိုက်ရက်ဖြစ်၍လည်း ကောင်း၊ မိုးသားတိမ်လိပ်တို့ ရှိနေခြင်းကြောင့်လည်းကောင်း ကြယ်ရောင်သည်ပင်လျှင် ပြည့်ဝစွာ မလင်းနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထင်ဟပ်လျှက် ကြောက်မက်ဖွယ်ကောင်းသော ဆူးလုံးကြီးတစ်လုံးသည် ကိုမင်းဒင်၏ ရှေ့တူရူ (တည့်တည့်မှ)လိမ့်လာနေ၏။

ပြလွန်းသော ပါးစပ်ကြီးများ၊ ပြူးကျယ်လွန်းသော မျက်လုံးများနှင့် အမွှေးကဲ့သို့ သဏ္ဍာန်ပေါက်သော ဆူးလုံးသဖွယ်အမွှေးများနှင့် လိမ့်လာနေခြင်းဖြစ်၏။

သံချွန်နှင့်တူသော ဆူးလုံးကြီးသည် အကယ်၍ ကိုမင်းဒင်၏ ခေါင်းပေါ်မှဖြတ်သွားလျှင် ကိုမင်းဒင်၏ခေါင်းသည် မွမွကြေ၍ အသက်ပျောက်နိုင်၏။ သို့မဟုတ် ကြမ်းတမ်းသော လက်ကြီးနှစ်ဖက်ဖြင့် ကိုမင်းဒင်၏ခေါင်းကိုလိမ်ချိုး၍ ပါးစပ်ထဲ ထည့်လိုက်မည်ဆိုလျှင်လည်း ဘဝဆုံးသွားနိုင်၏။

၎င်းသို့မဟုတ် ရှေ့တွင်ကျန်သော အမဲသားများကိုလုစားသွားမည်ဆိုလျှင် သူမျှော်လင့်ကြိုးစားနေသည့် အာဠာဝကမှော်၏ ဒုတိယအဆင့်ကြီး ပြိုလဲပျက်စီးသွားတော့မည်။ မကောင်းဆိုးဝါး မှော်ဆိုးဆူးလုံးကြီးသည် တဖြည်းဖြည်းနီးကပ်လာပြီဖြစ်၏။

ကိုမင်းဒင်သည် ထိုမကောင်းဆိုးဝါးဆူးလုံးသရဲကြီးကို မျက်လုံးဖြင့် စူးစူးစိုက်စိုက်စေ့စေ့ကြည့်၍ ဆရာကြီးသျှင်ထွင့်ခေါင်ပေးခဲ့သော ဂါထာများမှ သိကြားသရဖူဂါထာ မဏိဇောတိရတ် ဂါထာတော်မြတ်ကို ဆူးလုံးကြီးဆီသို့ လက်ညှိုးငေါက်ငေါက်ထိုး၍ အံကြိတ်ခါ ရွတ်လိုက်၏။

"ဥ၊ ဝေဒါသာကု ကုသာဒါဝေ မံဘဒ္ဒေ တုဏှာသု မေ

ဗုဒ္ဓေမမွေသံဃေ ဝေးဆရာဝေး ပြေးဆရာပြေး"

၎င်းဂါထာ (၃၇)အုပ်ပြည့်ခါနီးအချိန်တွင် ဆူးလုံးကြီးသည် ကိုမင်းဒင်၏ရှေ့ အနီးကပ်ဆုံးသို့ ရောက်လာ၏။ အမဲသားပုံနှင့် သုံးမိုက်မျှသာလိုတော့၏။

ထိုအချိန်တွင် ကိုမင်းဒင်သည် သိကြားသရဖူ မဏိဇောတိရတ်ဂါထာ (၃၇)အုပ်မြောက်ကို အမြန်ရွတ်ချလိုက်တော့၏။

"ဝေါ . . ဝူး . . အူး . . ဟူး . . ဟူး . . ဝေါ ဝေါ"

မမျှော်မလင့် အနောက်တောင်ဆီမှ လေပြင်းမုန်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ ပကတိ စိမ့်၍နေ၏။

ကိုမင်းဒင် အမဲသားတစ်ပုံကို ချအောင်စားလိုက်၏။ ဆက်တိုက် ဂါထာများကို ဆက်၍ ရွတ်ဖတ်လိုက်ရာ မိုးမလင်းခင်မှာပင် အမဲသား (၇)ပုံကုန်သွားတော့၏။ အခြားလူများ (၃)ရက်၊ (၃) ည ကျင့်ကြံရမည့်ဂါထာများကို ကိုမင်းဒင်သည် တစ်ညထဲနှင့် ပြီးဆုံးသွားတော့၏။

(၅)

နံနက် (၅)နာရီအချိန်တွင် ဆရာကြီးသည် လူငယ်တစ်ယောက်နှင့်အတူ ကိုမင်းဒင်ရှိရာ ရွာသာအေးရွာကလေး၏ အနောက်တောင်ဘက်က သုသာန်သို့ ရောက်လာတော့၏။

ဆရာကြီးသည် ရောက်လျှင်ရောက်ချင်း ကိုမင်းဒင်နှင့် အတူ ရှေ့တွင်ရှိသော အမဲသား (၇)ပုံကို ကြည့်လိုက် ၏။ ထို့နောက် ကိုမင်းဒင်ကို စစ်ဆေးစရာများကို ကုန်စင်အောင် မေးမြန်းလိုက်၏။ ဆရာကြီးဆရာရှင်သည် စစ်ဆေးမေးမြန်းမှု ပြီးဆုံးသွားသောအခါ ကိုမင်းဒင်ကိုကြည့်၍ နှစ်ခြိုက်ကျေနပ်သော မျက်နှာဖြင့် ပြုံး၍-

"ငါ့တပည့် တော်သားပဲ။ တုံးအောက်က တီတွန် လူလွန်မသားပဲ။ မင်း အာဋ္ဌာဝကမှော်အောင်ပြီကွ၊ ကဲ .. ဆရာဒီရေမန်းနှင့် မင်းကို သနခြေပြီး သိဒ္ဓိတင်မယ်။ ဆရာဂါထာဆုံးတာနဲ့ တစ်ပြိုင်နက် မင်း မောင်မင်းဒင် ကျင်းထဲကနေ ရုန်းထွက်နိုင်အောင် အားတွေကို ခန္ဓာကိုယ်အတွင်း စုထားလိုက်"

"ဉ၊ အာကာသေ အာကာသေ
ဒေဝတာ ဒေဝတာ
အာဂစ္ဆန္တု အာဂစ္ဆန္တု
ချင်းပေဆရာ ချင်းပေ
လာပေ ဆရာ လာပေ
ရောက်ပေ ဆရာ ရောက်ပေ
ဩောင်း အရှေ့ကနေထွက် အနောက်ကနေဝင်
တောင်တံငါကွန်တိုင် မြောက်ခွင်မှုဝံ



www.burmeseclassic.com

www.burmeseclassic.com



ဦး သိဒ္ဓိ သိဒ္ဓိ မဟာသိဒ္ဓိ ပြီးဆရာပြီး၊ သံဃတေဇနထက် ထက်ဆရာထက်၊ အောင်ဆရာအောင်၊ ပြီးဆရာပြီး ဦး အာဋ္ဌာဝက သိဒ္ဓိ မံ ရက္ခတု၊ ဦး အာဋ္ဌာဝက သိဒ္ဓိ မံရက္ခတု ပြောင်းပြီး ဆရာပြီး ပြောင်း .'. ဟွတ်"

"သယ် ငါဟဲ့ယောက်ျား၊ မတစ်ထောင် တစ်ကောင်သွား တဲ့ ယောက်ျား အာဋ္ဌာဝကတဲ့ဟေ့ . . ဟေ့"

ဆရာကြီး၏ သိဒ္ဓိတင် သိဒ္ဓိချုပ် သနချေခြင်းစသော အင် အရင်များ ပြီးသွားသောအခါ ကျင်းနှုတ်ခမ်းကို လက်နစ်ဖက်ဖြင့် ထောက်၍ သဲမြုပ်နေသောခြေထောက်များကို အားယူ၍ ခုန်တက် လိုက်ရာသဲများသည်

ကျင်းပေါ်တွင် (၇)တောင်ခန့်မျှမြောက်တက်၍ ဘေးသို့ လည်း ပျံ့ကြဲထွက်သွားကာ ကျင်းအောက်မှ ရေပန်းများထွက် သကဲ့သို့ မြောက်တက်သွားပြီး ရေပန်းအလယ်တွင် ပန်းပွင့်သဖွယ် လည်၍

မြောက်တက်သွားသော ကိုမင်းဒင်၏ခန္ဓာကိုယ်မှာ ပတ်ချာလည်၍ မြင်ရသူအဖို့ အလွန်ပင်အံ့သြဖွယ် သည်းထိပ်ဖွယ် ပင် ဖြစ်ပေတော့၏။

(၇)တောင်ကျော်ကျော်လောက် မြောက်တက်သွားသော ကိုမင်းဒင်သည် အောက်သို့ ပြန်ကျသောအခါ ခြေစုံကျရန် တစ်ပတ်ကျွမ်းလည့်၍ သူ၏ခန္ဓာကိုယ်ကိုပြင်လိုက်ပြီး ကြောင် ကလေးသဖွယ် မြေပြင်တွင် ဖွဖွလေး ပြန်ကျလာတော့၏။

ပြန်ကျလာသည်နှင့် ကိုမင်းဒင်သည် စုံရပ်၍ ဆရာကြီး အား လက်အုပ်ချီလျှက်ပင် ရှိခိုးနေ၏။

"ဝါး ဟား ဟား ဟား ဝါး ဟား ဟား ဟား"

ဆရာကြီးသည် တပည့်ကိုကြည့်၍ အားရကျေနပ်ဟန်ဖြင့် ဟားတိုက်၍ တဝါးဝါးရယ်မောလေနေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ပါဝင်၏။ ဆူးဖြူကုန်းတိုက်နယ်သူကြီး၏ အုပ်ချုပ်မှုအောက်တွင် နေရသော ရွာများပင်ဖြစ်၏။

ရွာသာအေးရွာလေး၏ အနောက်ဘက်ယွန်းယွန်းတွင် ဆူးဖြူကုန်းရွာကြီး ရှိ၏။ အရှေ့တောင်ဘက်တွင် ကျွန်းထောင့်ရွာ ရှိ၏။ မြောက်ဘက် နှစ်မိုင်၊ သုံးမိုင်ခန့်အကွာတွင် ကုန်းသာရွာနှင့် သန်းပင်လုရွာရှိ၏။

ထိုသန်းပင်လုရွာတွင် ကိုမင်းဒင်၏ဆရာကြီးသား ဘိုးတော်အောင်ထိန်ရှိ၏။ ဆရာကြီးဆရာရှင်က ကုက္ကဲကြီးကျေးရွာတွင် နေ၏။ ကုက္ကဲကြီးကျေးရွာမှ ဆူးဖြူကုန်းရွာကြီး နောက်ဘက်တွင် ကုက္ကဲတောင်၏တောင်ခြေတွင် ပျိုးကန်ကန်စွယ်ဆိုသော တစ်ဖက်ပိတ် လက်ဆည်ကန်ကြီးရှိ၏။ ကန်မှာ ရေပြင်အကျယ် နှစ်မိုင်ခန့်ရှိ၏။

ထိုကန်၏တောင်ဘက် နှစ်ဖာလုံ၊ သုံးဖာလုံခန့်အကွာတွင် ကုက္ကဲရွာကြီးရှိ၏။ အိမ်ခြေ တစ်သောင်းခန့်မျှ ရှိမည်။ သုံးဆယ့် ခုနစ်မင်းနတ်တွင်ပါသော အမေဂျမ်း၏ နတ်ကွန်း၊ နတ်နန်း နန်း ရင်းဖြစ်၏။

ဆရာကြီးဆရာရှင်သည် ၎င်းကုက္ကဲရွာတွင်နေထိုင်၍ မီးယပ်၊ မြွေ၊ ပယောဂစသော ရောဂါများကို ကုသခြင်းဖြင့် နာမည် ကြီးသူဖြစ်၏။

တပည့်များကို ကာယသိဒ္ဓိဆေး၊ ပယောဂကာကွယ်ဆေး မြွေကာကွယ်ဆေးနှင့် မော်ပညာဝါသနာပါသူတို့အား သူရဿတီ မော်၊ ဒေဝီ(၇)ပါးမော်၊ ရက္ခစိုးမော်၊ ဇဲမော်၊ အာဠာဝကမော် စသဖြင့် မော်ကျင့်စဉ်တို့ကို သင်ပြပေးခြင်း။

ကျင့်စဉ်တက်ပေးခြင်းနှင့်အတူ အင်္ဂလိယခတ်ပညာ ဝါသနာပါသူတို့အား ရွှေဖြစ်၊ ငွေဖြစ်နှင့် အပြီးအခံ ခတ်လုံး သတ္တုခတ္တုံခတ်လုံး၊ စိန်လုံး၊ ပြဒါးလုံး၊ သံသေလုံး သွပ်သေလုံး ထိုးနည်း၊ ဆေးဒါန်းအပ်ဆွဲနည်း၊ ကာယသိဒ္ဓိခတ်လုံးထိုးနည်း

ဝါဠူကရန်းကြား ပြာချနည်း၊ ဝိဇ္ဇာလမ်းစဉ်၊ ခတ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းဆီးလိုက်တော့သည်။ ကိုမင်းဒင်သည် ဆိတ်ကျောင်းမထွက်ခင် အလစ်အငိုက်ခံလိုက်သဖြင့် ဖမ်းဆီးခြင်းကို ခံခဲ့ရခြင်းပင်ဖြစ်၏။

(၇)

ည . .။

မှောင်လွန်းသောည . .။

ထိုညသည် ပိန်းပိတ်အောင် မှောင်လွန်းသောညထက် ပင်လျှင် ပိန်းပိတ်အောင်မှောင်သည့် ညထက်ပင်လျှင် ဘဝမှောင်က ကျနေသည်။ ဗြိတိသျှကိုလိုနီအစိုးရတို့၏ လက်ပါးစေများ၏ ငွေများတရားနိုင်ခေတ်တွင် ကိုမင်းဒင်တို့လိုလူများအတွက် ပို၍ပင် ဘဝအမှောင်က ဖုံးလွှမ်းလေတော့၏။

ကိုမင်းဒင်တွင် ငွေမရှိ၊ အာဏာမရှိ၊ အသိုင်းအဝိုင်း မရှိ၊ တစ်ကောင်ကြွက်တစ်မျက်နှာဖြင့် နေရသောဘဝတွင် ရိုးသားမှု၊ သီလ၊ သစ္စာကြင်နာမှု၊ မေတ္တာစာနာ ထောက်ထားငဲ့ညှာခြင်း၊ မုဒိတာ၊ သနားကြင်နာခြင်း၊ ဂရုဏာ စသည်ကိုသာလျှင် ကိုမင်းဒင်အတွက် ခွန်အားဖြစ်စေတော့၏။

ကိုမင်းဒင်သည် လကွယ်၏မှောင်သောတစ်ညတွင် ဆရာကြီးဆံရာရှင်ရှိရာ ကုက္ကိုရွာသို့ သွားခဲ့ခြင်းဖြစ်၏။ ရွာလယ်လမ်းမှ လျှောက်လာသော ကိုမင်းဒင်အား ခွေးတို့ကဟောင်နေ၏။ ကိုမင်းဒင်သည် ရွာတံခါးတွင် ကင်းသမားများရှိနေသဖြင့် ရွာ၏တစ်နေရာမှ ရွာစည်းရိုးဆူးတာကို ခုန်ကျော်၍ ဝင်လာခဲ့ခြင်းဖြစ်၏။

ဆရာကြီး၏အိမ်ခြံအရောက်တွင် ခြံထဲမှ ခွေးများက ဟောင်ပြန်၏။ ကိုမင်းဒင်သည် ဆရာကြီးထိုးပေးထားသော ခွေးအဟာန့်စမရှိသည့် ဒူးနှစ်ဖက်ကို လက်ဝါးနှစ်ဖက်တွင်ရှိသော စမများဖြင့်အုပ်၍ ခြသေ့်ကဲ့သို့ ဟောက်လိုက်၏။

ထိုအခါ ဟောင်နေသောခွေးများသည် ငြိမ်ကျသွားတော့၏။ ခွေးများငြိမ်ကျသွားလျှင် ကိုမင်းဒင်သည် လှားကာနံရံကျော်၍ ခြံထဲသို့ဝင်လိုက်၏။ ခြံထဲရောက်လျှင် ဆရာကြီး၏ပိတ်တတ်သော



www.burmeseclassic.com

www.burmeseclassic.com


၏။

"အဲဒီအင်းက သူခိုးဓားပြဖော်ထုတ်တဲ့ အင်းပဲ။ ဆရာ နှစ်ခု ပေးလိုက်တယ်။ တစ်ခုက သူ့အိမ်ထဲပစ်ထည့် တစ်ခုက အသားကင်၊ ငါးကင်တဲ့ ညှပ်နဲ့ မီးရဲရဲမှာ ပူနေအောင်ကင်။

သူခိုးဓားပြတွေ မနေနိုင်တော့ဘဲ သူတို့ဟာသူတို့ ဝန်ခံကြလိမ့်မယ်။ မီးကြီးခဲထည့်ပြီး မဖုတ်လိုက်နှင့်။ လူသေသွားလိမ့်မယ်။ သေသွားရင် တရားခံပေါ်မှာ မဟုတ်ဘူး။ ကြားလား .. မောင်မင်းဒင်"

"ဟုတ်ကဲ့ .. ဆရာကြီး၊ ဒါထက် အဲဒီအင်းက ဘာခေါ်လဲ ဆရာကြီး ကျွန်တော့်ကို သင်ပေးပါဦး"

"ကျန်တာတွေ မင်းသိပြီး .. တတ်ပြီးပြီပဲ။ အင်းဆံကတော့ သု – ရာ – မေ – န – သော – ပေါ – ရာ – နပဲ၊ ကိုးကွက်အင်းမှာ ကွက်ကျော် ဒေါင့်သန်းချရမယ်။ ဒါပါပဲ .. ကဲ သန်းခေါင်ကျော်လေးချက်တီးတော့မယ်။ တပည့် သွားတော့"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် ကန်တော့ခဲ့ပါတယ်"

ကိုမင်းဒင်သည် အင်းပြားကို လွယ်အိတ်ငယ်လေးထဲ ထည့်ပြီး ဆရာကြီးအား ထိခြင်းငါးပါးဖြင့် ကန်တော့လိုက်၏။

"သာဓု .. သာဓု ငါ့တပည့်အမှန်တရားပေါ်၍ ရက်ပိုင်းအတွင်းမှာပဲ ဝရမ်းပြေးဘဝက လွတ်မြောက်ပါစေကွယ်"

(၈)

"လိုက်ဟေ့ .. လိုက်ဟ၊ ဟိုမှာ ထွက်ပြေးသွားပြီ။ သူခိုး .. သူခိုး"

ကိုမင်းဒင်သည် ဓားပြတိုက်ခံရသည့် အိမ်ဝန်းခြံထဲသို့ အင်းပြားပစ်ထည့်ပြီး ပြန်အထွက်တွင် ကင်းသမားများနှင့်တွေ့၍ ရွာတံခါးပေါက်ကို ခုန်ကျော်၍ ထွက်ပြေးခဲ့ရ၏။

နံနက်မိုးမလင်းခင် သုံးချက်တီးခန့်ဖြစ်၏။ လသာရက်ဖြစ်၍ နောက်မှလိုက်သော ကင်းသမားများသည် သူကြီးပေးထားသော


www.burmeseclassic.com

www.burmeseclassic.com



သေနတ်သမားမှာလည်း ပေးထားသောကျည်ငါးတောင့်သည် ကိုမင်းဒင်ကို ပစ်ခဲ့သည့်အတွက် ကုန်နေပြီဖြစ်၍ ကျားကို ပစ်ရန် ကျည်ဆံက မရှိတော့ဘဲ ကျားကို အဝေးမှ လေးခွဖြင့်သာ ပစ်နေကြ၏။

ကျားသစ်ကြီးသည် လေးခွကိုလည်း မကြောက်။ သဲသဲမဲမဲဖြင့် ဆူးဖြူကုန်းသူကြီးဦးမိုးသီး၏ လူများနောက်သို့ လိုက်လေတော့၏။ ထိုလူတစ်စု ကျားလိုက်ခံရသဖြင့် ကိုမင်းဒင်နောက်သို့ မလိုက်နိုင်တော့ဘဲ နောက်ကြောင်းပြန်လှည့်၍ ပြေးနေကြတော့၏။

ထိုအချိန်မှာပင် ကိုမင်းဒင်သည် သူခိုအောင်းနေသော စိမ့်မြိုင်ချပ်ကြားသို့ရောက်အောင် ခပ်သုတ်သုတ် ပြေးသွားလေတော့၏။

(၉)

ကိုမင်းဒင်သည် ဆရာကြီးပေးသော သူခိုးဖော်အင်းကို ထင်းမီးဖိုတွင် မီးကင်နေ၏။

"ကိုမင်းဒင်"

"ဟင် . . လုံးတင် နင်ဘာလို့လိုက်လာတာလဲ။ ဟာ . . ရွာဆော်ကြီးဦးဘသာလည်း ပါလာတာပဲ။ ဘာလဲ ကျွန်တော့ကိုဖမ်းဖို့လား"

ကိုမင်းဒင်သည် မီးကင်နေသောအင်းကို ညှပ်ထားသည့် ငါးကင်ဝါးညှပ်၏ အရိုးကိုကိုင်ရင်း ထ၍ရပ်လိုက်၏။ သိုင်းသမားတို့၏ထုံးစံ သတိမလွတ်စေဘဲ ကိုယ်နေဟန်ထားတို့ကိုပါ ပြင်ထားလိုက်၏။


"မဟုတ်ပါဘူး မောင်မင်းဒင်ရာ၊ မင်းအတွက် မင်္ဂလာစကား လိုက်ပြီးပြောတာပါ။ မင်းမိန်းမလုံးတင်ခေါ်လို့ လိုက်လာတာပါ။ ဆူးဖြူကုန်းမှာတိုက်တဲ့ ဓားပြတရားခံတွေ မိသွားပြီ။

မင်းကို တွေ့အောင်ရှာဖို့ရယ် . . ပြီးတော့ သူတို့များယွင်း

www.burmeseclassic.com



# လက်မှတ်မှပြောသော အတွင်းစိတ်လူ့မနော



လူတစ်ယောက်အတွက် ထိုးမြဲလက်မှတ်သည် အရေးပါလှသည်။ ပုံသေထိုးမြဲလက်မှတ်ကိုကြည့်၍ ကာယကံရှင် ထိုလူ ဟုတ်မဟုတ်ကို ဆုံးဖြတ်ကြသည်။ လက်မှတ်တစ်ခုသည် ထိုလူ၏ ဆုံးဖြတ်ချက်များ အတည်ဖြစ်မှုကိုလည်း ကိုယ်စားပြုသည်။

ယုတ်စွအဆုံး လူတစ်ယောက်ချင်းစီကို ကိုယ်စားပြုသော မှတ်ပုံတင်တွင် လူတစ်ယောက်ချင်းစီ၏ထိုးမြဲလက်မှတ်ကို ရေးထိုးကြရသည်။ လက်မှတ် (Signature) ကိုကြည့်ပြီး ထိုလူ၏ အတွင်းစိတ်မနောကို အကဲခတ်နိုင်သည့် ပညာရပ်ရှိသည်။


လက်မှတ်တစ်ခုတွင် နက်ရှိုင်းသော သဘောတရားများ ပါဝင်နေပြီး ရေးထိုးသူ့ဘဝနှင့် ဆက်စပ်ပတ်သက်လျက်ရှိသည်။ ထိုးမြဲလက်မှတ်များသည် အဆင့်ဆင့် ပြောင်းလဲတတ်သော သဘော ရှိခြင်းသည် ရေးထိုးသူ၏ ဘဝအချိုးအကွေ့အပြောင်းအလဲများ နှင့်လည်း ဆက်စပ်လျက်ရှိသည်။

လူတစ်ယောက် ငယ်စဉ်ကထိုးခဲ့သော လက်မှတ်နှင့် ကြီးပြင်းလာတော့မှ ထိုးသော လက်မှတ်သည် မတူညီသည်ကို တွေ့ရမည်ဖြစ်သည်။ လက်မှတ်ပြောင်းလဲလာခြင်းသည် ဘဝပြောင်းလဲ

www.burmeseclassic.com

www.burmeseclassic.com


## ၃) ကြီး၍ထူသော လက်မှတ်




လက်မှတ်များကို မျဉ်းကြောင်း ထူထူကြီးကြီး ရေးထိုးတတ်သူများသည် အများအားဖြင့် စိတ်ဓာတ် အလွန်ပြင်းထန်သူများ ဖြစ်ပြီး ရည်မှန်းချက် မြင့်မားစွာ ထားတတ်သူများ ဖြစ်ကြသည်။ ထိုလူများသည် တိုးတက်မှုကို အစဉ်အမြဲလိုလားပြီး မဖြစ်မနေ ကြိုးစားတတ်သော ဖွဲသတ္တိလည်း ရှိသည်။

## ၄) ကွဲလွဲတတ်သော လက်မှတ်




ပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်သော်လည်း၊ လက်မှတ်ရေးထိုးရာတွင် တစ်ကြိမ်နှင့်တစ်ကြိမ်မတူဘဲ ကွဲလွဲတတ်သည်။ ထိုသူများ၏ စိတ်အခြေအနေသည် မတည်ငြိမ်သလို၊ ဘဝအခြေအနေသည်လည်း အတက်အကျများစွာ ဖြစ်နေတတ်သည်။ ထိုသူများသည် စိတ်တိုခြင်း၊ စိတ်အပြောင်းအလဲ မြန်ခြင်း၊ တခြားသူများကို ရယ်ရွှင်ဖွယ်ဖြစ်အောင် ပြောင်လှောင်ပြောဆိုတတ်သူများ ဖြစ်သည်။

## ၅) မျဉ်းကြောင်းမပါသူများ လက်မှတ်

လက်မှတ်၏အောက်တွင် မျဉ်းကြောင်းထည့်သွင်းရေးထိုးလေ့ မရှိသူများမှာ ရိုးရိုးအေးအေး နေထိုင်လိုသော စိတ်ဓာတ်


www.burmeseclassic.com

www.burmeseclassic.com




များသည် ဝိရိယလွန်ကဲသူများဖြစ်ကာ စိုးရိမ်စိတ်များခြင်းနှင့် သူ
တစ်ပါးအပေါ်တွင် မယုံသင်္ကာစိတ်များစွာ ထားရှိတတ်သူများဖြစ်
သည်။ ထို့အပြင် ထိုသူ၏ဘဝတွင် မမေ့ပျောက်နိုင်သော ဝမ်းနည်း
စရာများနှင့် များစွာကြုံတွေ့ခဲ့ရသူလည်း ဖြစ်သည်။

## ဂ) အပေါ်သို့ ထောင်တက်နေသော လက်မှတ်




အချို့သောသူတို့၏လက်မှတ်များသည် အပေါ်သို့ထောင်
တက်နေပြီး လက်မှတ်အောက်မှ ရေးဆွဲထားသော မျဉ်းကြောင်း
သည်လည်း အပေါ်သို့ တက်နေတတ်ပေသည်။ ထိုသူတို့သည်
စိတ်ဓာတ်လျှင်မြန်၍ ထက်မြက်သော စိတ်ဓာတ်ရှိကြသည်။ တစ်ခု
ကို ဆုံးဖြတ်လုပ်ကိုင်ရာတွင် တိကျပြတ်သားစွာ ဆုံးဖြတ်လုပ်ကိုင်
လေ့ရှိပြီး အနည်းငယ် စိတ်တိုတတ်ကြသည်။ အမြဲတမ်း ကြိုးစား
အားထုတ်သူများဖြစ်ပြီး အောင်မြင်မှုသုခကိုလည်း ခံစားကြရသူ
များဖြစ်သည်။

## ဃ) ရှုပ်ပုံပါသော လက်မှတ်



မိမိတို့ထိုးမြဲလက်မှတ်၏ အပေါ်ဘက်တွင် ဦးခေါင်း
(သို့မဟုတ်) ကြယ်ပုံ စသည်ဖြင့် အမှတ်အသားတစ်ခု ရေးသွင်း၍




www.burmeseclassic.com

www.burmeseclassic.com



တတ်သည်။ ထိုသူတို့သည် မည်သည့်ကိစ္စကိုမဆို၊ မိမိကိုယ်တိုင် ဦးစီးခေါင်းဆောင် ဆောင်ရွက်ရမှကျေနပ်သူများဖြစ်ကြသည်။ အလွန်ဇိဇာကြောင်သူများလည်း ဖြစ်တတ်ပေသည်။

## ၁၂) လေးလံထိုင်းမှိုင်းသော လက်မှတ်



အချို့သူတို့သည် လက်မှတ်ရေးထိုးရာတွင် ကြာတတ်သည်။ ထိုသူတို့၏လက်မှတ်သည် များသောအားဖြင့် ရှင်းလင်းသော် လည်း မလှပဘဲ မျဉ်းကြောင်းများသည် အတွန့်အကောက်များစွာ ပါရှိတတ်သည်။ အမှတ်တမဲ့ကြည့်ပါက စာပေမတတ်ကျွမ်းသူ တစ်ဦး ရေးထိုးထားသည်နှင့် တူနေတတ်သည်။

၎င်းတို့သည် ရိုးရိုးကုပ်ကုပ် နေထိုင်တတ်ပြီး ထင်ပေါ် ကျော်ကြားမှုကို အလိုမရှိတတ်ပေ။ မိမိလုပ်ကိုင်နေသည့် ကိစ္စရပ် အပေါ်သာ အာရုံရှိပြီး မသက် ဆိုင်သော ကိစ္စများ၌ စိတ်ပါဝင်စား ခြင်း မရှိတတ်ပေ။ သို့သော် လူ ထိုင်းမှိုင်းသလောက် စိတ်ကူးဉာဏ် အထူးထက်မြက်ကြသည်။

ကိုးကား - သန်းဝင်းလှိုင်
စကားပြောသော
လက်ရေးကလေးများစာအုပ်



www.burmeseclassic.com

www.burmeseclassic.com





ခြံအတွင်း မြောက်ဘက်မှာ ဇလံ ပင်၊ မြတ်လေးပင်၊ မရမ်းပင်တို့ ကို ကောင်းမွန်စွာ စိုက်ပျိုးထားပါ က ဘုန်းကျက်သရေ မင်္ဂလာ အဖြာဖြာ တိုးပွားပြီး စီးပွားဥစ္စာ များ ပြည့်စုံလာပါလိမ့်မယ်။

## ၂) တနင်္လာသားသမီး

တနင်္လာသားသမီး များဟာ အသက်ရှည်ပြီး ဥစ္စာ ပေါများ ကောင်းကျိုးချမ်းသာနှင့်ပြည့်စုံလိုပါက မိမိတို့ရဲ့နေအိမ်ခြံ အတွင်း အရှေ့မြောက်ထောင့်ဘက်မှာ သပြေပင်၊ သဖန်းပင်၊ သပြေ ပင်တို့ကို ကောင်းမွန်စွာ စိုက်ပျိုးထားသော် နေ့စဉ် ဘုန်းကျက်သရေ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါလိမ့်မယ်။

## ၃) အင်္ဂါသားသမီး

အင်္ဂါသားသမီးများဟာ အသက်ရှည်ပြီး ဥစ္စာပေါများကာ ကောင်းကျိုးချမ်းသာနှင့် ပြည့်စုံလိုပါက မိမိတို့ရဲ့နေအိမ်ခြံအတွင်း အရှေ့ဘက်မှာ နံ့သာပင်၊ ဒဟတ်ပင်တစ်ခုခုကို ကောင်းမွန်စွာ စိုက်ပျိုးထားပါက နေ့စဉ် ဘုန်းကျက်သရေ မင်္ဂလာနှင့် ပြည့်စုံပါ လိမ့်မယ်။

## ၄) ဗုဒ္ဓဟူးသားသမီး

ဗုဒ္ဓဟူးသားသမီးများ အသက်ရှည်ပြီး ပစ္စည်းဥစ္စာများ ပေါ များကာ ကောင်းကျိုးချမ်းသာနှင့် ပြည့်စုံလိုပါက မိမိတို့ရဲ့နေအိမ်ခြံ အတွင်း အရှေ့တောင်ဘက်မှာ အုန်းနဲပင်၊ အုံတုန်ပင်တစ်ခုခု ကောင်းမွန်စွာ စိုက်ပျိုးထားပါက နေ့စဉ် ဘုန်းကျက်သရေမင်္ဂလာ နှင့် ပြည့်စုံလာပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com

# လူခြောက်ကလေးတို့ အဓေ


မကြွေးညိုစိမ့်



www.burmeseclassic.com

www.burmeseclassic.com





"တောက်ထိန်..
တောက်ထိန်..
မြွေပွေးလို အဆိပ်ပြင်းပြီး
အငြိုးအတေး အလွန်ကြီးတဲ့
လူပါလား။

(၁)

"ရိုက်ဟေ့..ရိုက်ကွ၊ ဒီကောင် တောက်ထိန်ကို မလွတ်စေနဲ့"

လက်ပံပင်တောအုပ်သည် ဒုစရိုက်နယ်မြေဖြစ်၏ ။ ထာဝရ ထိုတောထဲတွင် ဂျင်ပိုင်း၊ ကြက်ပိုင်း၊ လေးကောင်ဂျင်ပိုင်းနှင့် ဖဲပိုင်း ရှိ၏။ ထိုလက်ပံပင်တောထဲတွင် နွားသတ်ရုံလည်း ရှိ၏။

ဦးဘမိုး၏အရက်ဆိုင်သည် နာမည်ကြီးသည်။ ထမင်း လည်း ရောင်းသည်။ ကြာသပတေးနံ အကုန်ရ၏။ သူ့ကို ဖဝထုပ် ဘမိုးဟု ခေါ်ကြ၏။ လူမိုက်ဖြစ်သည်။ တပည့်တပန်းကောင်းသဖြင့် သူ့ကို မလှန်ရဲကြ။

(ယခုအချိန်တွင် အိမ်ရာများရှိလာ၍ သန့်ရှင်းသွားပါပြီ)

တောက်ထိန်သည် မူးကြောင် မူးကြောင်နှင့် ဖဝထုပ်ဘမိုး ကို သွား၍စခြင်းဖြစ်၏။ အရက်သောက်ပြီး ထိုဆိုင်မှ ကောင်မလေး နှင့် ပျော်ပါးပြီးနောက် -


"ငါ့နာမည် တောက်ထိန်တဲ့ကွ။ မင်းတို့ထက်မိုက်လို့ မင်း တို့နယ်မှာ လာကျယ်တာပဲ။ ဘယ်ကောင်မှ လူမလောင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com





သူ့လူထွေးကို ယုံ
သည်။ သူ့လူများ
သည် မည်သူနှင့်
သတ်သတ် ရှုံးသည်
ဟု မရှိခဲ့။

ယခုလည်း တောက်ထိန်၏
ခေါင်းကို ယူလာလိမ့်မည်ဟု
ယုံကြည်သဖြင့် အေးအေးဆေး
ဆေး စောင့်နေ၏။

ထိုစဉ် -

"တောက်ထိန်တဲ့ကွ . .
ဘယ်ကောင့်ကိုမှ ဗိုလ်မထားဘူး
ဟေ့ . ." ဟုအော်ကာ ဖဝထုပ်
ဘမိုးကို ဝင်၍ခုတ်လေ၏။

"အား! . ."

"သေပါပြီဗျ"

လက်ပံပင်တောမှာ ကာလပျက်သွားသည်။ မီးဟုန်းဟုန်း တောက်နေ၏။ ဖဝထုပ်ဘမိုး၏တဲများကို မီးရှို့ပစ်သည်။ လောင်းကစားသမားများလည်း ခွေးပြေးဝက်ပြေးပြေးကြသည်။

တောက်ထိန်တို့အဖွဲ့က ထိုသို့လုပ်ပြီးနောက် ရဲစခန်းသို့ သွားရောက်အဖမ်းခံ၏။ မင်းဘူးအချုပ်တွင် ဘယ်လောက်မှ မကြာလိုက်။ ဖြောင့်ချက်အသီးသီးပေးသဖြင့် ထောင်ငါးနှစ်၊ ခြောက်နှစ် အသီးသီး ကျခံသွားကြသည်။

ကိုယ်တိုင် အဖမ်းခံခြင်း၊ ကိုယ်တိုင် ဖြောင့်ချက်ပေး ဝန်ခံသဖြင့် လည်းကောင်း၊ သေဆုံးသူများမှာ ရာဇဝင်လူဆိုးများ ဖြစ်နေခြင်းကြောင့် လည်းကောင်း၊ သူတို့သည် ထောင်ကျရက် နည်းသွားခြင်း ဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် စာရေးသူသည် ဇာတ်ထောင်ဆရာပီပီ ထော
ထွက်လာလျှင် လောင်းကစားပွဲများကို တာဝန်ယူမည်ဖြစ်သော
တောက်ထိန်ကို အပီပေါင်းထားခြင်းဖြစ်သည်။

"တောက်ထိန်သူငယ်ချင်းဇာတ်ကွ"

ဟုသိထားလျှင် အခြားလူမိုက်များက မထိရဲတော့။ သူတို့
ကပါ ဂရုစိုက်ကြသည်။

စာရေးသူသည် ပါးနပ်ပါသည်။ တောက်ထိန်ကို ပိုင်သည်
ဆိုပြီး တခြားလူမိုက်များကို မထီမဲ့မြင် ဘယ်တော့မှ မလုပ်။ သူတို့
ကိုလည်း ထိုက်သင့်သလောက် အလျှော့ပေး ပေါင်းထားပါသည်။

"ပျင်းလွန်းတော့ . . ထုံ၊

ထုံလွန်းတော့ . . န၊

နလွန်းတော့ . . အ၊

အလွန်းတော့ . . သုံးမရ"

ဆိုသည့် ဆောင်ပုဒ်ကို စာရေးသူသည် လက်စွဲထားပါ
သည်။ ၎င်းနှင့်ဆန့်ကျင်ဘက် ကျင့်ကြံပါသည်။

မပျင်း။ မထုံ။ မန။ မအအောင် အမြဲသတိထားပါသည်။
လူကောင်းများကိုလည်း ကိုယ်က အောက်ကျို့ခံ၍ ပေါင်း၏။ ဘာ
မဆို ကိုယ့်ဘက်က အရှုံးပေး၍ ပေါင်းပါသည်။ (ယုတ်စွအဆုံး)
အောက်မှပင် ခွတ်ပါသည်။ ကြက်များသည် အောက်မှခံ၍ ပြန်
ခွတ်သော တိုက်ကြက်ကသာနိုင်တတ်သည့် သဘောရှိပါသည်။

သို့ဖြစ်၍ စာရေးသူသည် တိုက်ကြက်ကောင်းများကဲ့သို့
လူမိုက်များနှင့်တွေ့လျှင် အောက်ကျို့ပေါင်းကာ မသိမသာ သူတို့
ထံမှ ကိုယ်လိုအပ်သည့် ဇာတ်ပွဲအလုပ်ရရှိရေး၊ ဇာတ်အဖွဲ့လုံခြုံရေး
စသည်တို့ကို သူတို့သတိမထားမိအောင် ဆောင်ရွက်ပြီး အရယူ
ပါသည်။

ထို့ကြောင့် စာရေးသူသည် လူမိုက်တောက်ထိန်ထံမှ အကူ
အညီများ များစွာရရှိပါသည်။ တောက်ထိန်သည် စာရေးသူအား
သူ၏ညီအရင်းတစ်ယောက်ပမာ ချစ်ခင်ပြီး သူဖြစ်ခဲ့ပျက်ခဲ့သမျှများ



www.burmeseclassic.com

www.burmeseclassic.com



တော့ တဲထဲဝင်ပြီး ရေနွေးသောက်နားနေရာမှ ကျွန်တော့ကို သူ့
သားသမီးနှစ်ယောက်နဲ့ လာတွေ့ဖို့ဖိတ်ခေါ်ပါတယ်။

ပြာသိုလပြည့်ကျော်ဆိုရင် ကျွန်တော်တို့ မကွေးတိုင်း အငြိမ်
များဖြစ်ကြတဲ့ စိန်ပေတူး၊ ပွင့်ဦး၊ စိန်မှတ်ကြီး၊ ဗိုလ်မြင့်ဇာတ်တွေ
အားလုံးက မကွေးတိုင်း စကုမြို့ မန်းကျင်းရပ်ထဲမှာရှိတဲ့ မန်းချောင်း
သဲသောင်ပြင်ပေါ်မှာ ခေတ္တ ယာယီတဲများထိုးပြီး တန်ရှူးလကုန်ထိ
နေကြတယ်။

အဲဒီအထဲမှာ ကျွန်တော့ဇာတ် စိန်သရဖူလည်းပါတယ်
ကျောင်းတော်ရာ၊ မင်းဘူး၊ စကု၊ လယ်ကိုင်း၊ ပွင့်ဖြူနဲ့ စလင်းမြို့
များက ကျွန်တော်တို့ ဇာတ်တွေကို အလှူပွဲ၊ မင်္ဂလာဆောင်နဲ့ ဘုရား
ပွဲတွေအတွက် လာငှားကြတယ်။

ဒီအခါမှာ ဦးတောက်ထိန်ကို အကူအညီတောင်းပြီး ကား
ငှားနိုင်းရတယ်။ တစ်ခါတရံ ခရီးကြုံရင် သူမောင်းတဲ့ကားနဲ့ပဲ သွား
ကြ၊ လာကြရတော့ ဦးတောက်ထိန်နဲ့ကျွန်တော်တို့က တော်တော်
ခင်ကြတယ်။

ဦးတောက်ထိန်က မမူးရင် လူကောင်း။ မူးလာရင် ရှေ့
နောက်မစဉ်းစားဘဲ သူ့စိတ်ထင်ရာ လုပ်တတ်တယ်။ မှန်တယ် ထင်
ရင် ဘယ်သူ့မှ လူမထင်ဘူး။ သူ့ကို အပေါင်းအသင်းလုပ်ဖို့က ခက်
တယ်။ ဒါပေမယ့် သူက အဆိုအတီးဝါသနာပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ဇာတ်သမားတွေနဲ့ တည့်တယ်
ဇာတ်သမားတွေကို ကိုယ်ဖိရင်ဖိ ကူညီတတ်တယ်။ သူ ထောင်က
လွတ်လာတာ သုံးလပဲရှိသေးတယ်။ ထောင်ကျတော့ အလုပ်လည်း
ပြုတ်တာပေါ့။ အခုတော့ . . လေးကောင်ချင်၊ ခြောက်ကောင်
ကြက်ဝိုင်းတွေမှာ လူမိုက်လုပ်နေတာ။

တောက်ထိန်တဲ့ဟေ့ . . ဆိုရင် သူထိုးတဲ့ အကောင်ကို
လိုက်ထိုးရင် ပေါက်တော့တာပဲ။ ဒိုင်တွေ မွဲတော့တာပဲ။ ကိုယ့်
ဖွင့်နေတဲ့ ခြောက်ကောင်ရှေ့ သူရပ်လာပြီဆိုရင် ကြိုးဆွဲဖို့ မနည်း
တောင်းပန်ရပြီး သူတောင်းသလောက်ငွေကို ပေးလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက်တောင် တော်အောင် ခင်ဗျား . . ဘယ်လို ကျင့်ထားသလဲ"

လို့ ဦးတောက်ထိန်ကို ကျွန်တော်မေးကြည့်တော့ -

"ကိုယ်စွမ်းတာမဟုတ်ဘူး ငါ့လူရ၊ ငါ့သားသမီး နှစ်ယောက် ဖြစ်တဲ့ ဂမ္ဘီရမှော်ပညာရှင်နှစ်ယောက်ကြောင့် နိုင်နေတာ"

"ငါက မြွေနဲ့ငါးရှဉ့်တွဲပါတဲ့ ဂျင်ဗိုင်းကို ဘယ်တော့မှ မထိုးဘူး။ ငါ့သမီးအငယ်ကောင်က ငါးရှဉ့်နဲ့မြွေကို ခွဲခြားမပြောတတ်တော့ အကြီးကောင်က မြွေထိုးလို့ပြောရင် အငယ်သမီးက ငါးရှဉ့် ထိုးလို့ ပြောတာ။ ဒီတော့ ငါ့မှာ မပေါက်မှာကြောက်တော့ အဲဒီနှစ် ကောင်ကို ခွထိုးရတယ်။ လျော်ကြေး အရှုံးနည်းတာပေါ့ကွာ"

လို့ ပြောတယ်။

"ဟာ! . . ခင်ဗျား တော်တော်ဆိုးတဲ့လူပဲဗျာ"

"ဟေ . . ဘာဖြစ်လို့လဲကွ"

"ကလေးတွေ အကျင့်ပျက်အောင် လောင်းကစားဝိုင်းတွေ ကို ခေါ်သွားရသလားဗျ"

"ဟား . . ဟား . . ဟား ခေါ်သွားမလား ငါ့လူရ"

"ဟင်! . . ဒါနဲ့ ကလေးတွေက ဘာကောင်ထိုး ညာကောင် ထိုး ပြောတယ်ဆိုဗျ"

"ဟား . . ဟား ဟား ငါ့သားသမီးနှစ်ယောက်က ဏှဒ္ဒိပါဒ် တန်ခိုးနဲ့ပြောကြတာကွ"

"ဟာ! . . ခင်ဗျားက ပေါက်တတ်ကရချာ"

ဒါ့ကြောင့် . . ငါ့သားတွေ လာတွေ့ပါလို့ မင်းကိုခေါ်နေ တာပေါ့ကွ၊ ငါ့သားနှစ်ယောက်က လူခြောက်ကလေးတွေကွ . . လူ ခြောက်ကလေးတွေ မှော်ဝင်စား လူခြောက်တွေ"

"ဗျာ . ."

ကျွန်တော် တော်တော်အံ့သြသွားမိပါတယ်။ လူခြောက် ကလေးတွေဆိုလို့ ကျွန်တော်လည်း တော်တော်ကလေး စိတ်ဝင် စားသွားမိတယ်။ သူက ဆက်ပြောသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းတယ်။

တစ်နေ့ညနေ အလုပ်သိမ်းတော့ နတ်ရေကန်က
အလုပ်သမားတွေကို (ဇဖဲ)မြို့ကို ပြန်ခေါ်ရတယ်။ အဲဒီ အမ်းလမ်း
ဖောက်ကာစတုန်းက လမ်းက မကောင်းဘူး။ အကွေ့တွေရောက်ရင်
ချက်ချင်း ကွေ့လို့မရဘူး။ ကားကို ရှေ့တိုးနောက်ငင် လေးငါးခါလုပ်
ပြီး တဖြည်းဖြည်းချင်း ကွေ့ရတာ။ တစ်ဘက် တစ်ချက်မှာက အသူ
ချောက်ကြီး။

အောက်ကျသွားရင်တော့ ကားရော၊ လူရော အစ ရှာမရဘူး။
ပေတစ်ထောင်၊ နှစ်ထောင်လောက် နက်တယ်။ သစ်ကြီး၊ ဝါးကြီးတွေ
နဲ့ ရောထွေးနေတာ။

သူမောင်းတဲ့ကားက ကြပ်ကြပ်သပ်သပ် စီးရင်တောင်
လူ(၅၀)လောက်ပဲ ဆံ့တယ်။ အဲဒီနေ့က ဇဖဲမြို့ပြန်ဖို့ ကားက သူ့
တစ်စီးပဲ ရှိတော့တယ်။ ဒီတော့ မိန်းမ၊ ယောက်ျား လူတစ်ရာလော
ကားပေါ်ရောက်နေပြီ။

ဦးတောက်ထိန်က လိုက်ပါမယ့်လူတွေကို ဒီလောက် လူ
များနေရင် သူမနိုင်ဘူး။ လမ်းက အဆင်းဖြစ်တော့ ကားတွန်းအား
လူတွန်းအား အလေးချိန်နဲ့ ကားကို မထိန်းနိုင်ဘူး။ လူတစ်ဝက်
ဆင်းနေခဲ့ပါလို့ ခဲယယ.တောင်းပန်တယ်။ အလုပ်သမားတွေက
လည်း မဆင်းနိုင်ဘူးလို့ ငြင်းကြတယ်။

ဒီတော့ တာဝန်ရှိသူကို သူက ပြောပြတယ်။ တာဝန်ရှိ ပုဂ္ဂို
ကလည်း မင်းတစ်စီးပဲရှိတော့တာ ထိန်းထိန်းသိမ်းသိမ်း မောင်းပေ
လို့ ပြောတယ်။

သူမောင်းနေတဲ့ကားက အသစ်မဟုတ်ဘူး။ အပေါင်းကြီး
ဘယ်လိုမှ မဖြစ်နိုင်ဘူး။ မမောင်းဘူး။ သူလည်း ဒီနတ်ရေကန်မှာ
အိပ်တော့မယ်လို့ပြောတော့ . . ကားပေါ်က ယောက်ျားတွေက
လာပြီး သူ့ကို ထိုးမယ်၊ ကြိတ်မယ်၊ ရိုက်မယ် လုပ်ကြရော အများ
တစ်ယောက်ဆိုတော့ လက်လျှော့လိုက်ရပြီး မောင်းရတော့တာ

ရွှေခင်းသာကွေ့ရောက်တော့ ကွေ့ဖို့ကားကို ရှေ့တိုးနော



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ဆိုင်းလမိုင်းနတ်တင်ထားတဲ့ အ...က်နဲ့ ကြက်ကြော်ချကျွေးပြီး သူ့ဇာတ်ကြောင်းကို နားထောင်ခဲ့တယ်။ သူ ဖွတ်ခေါ်လို့ သူ့အိမ်ကိုလိုက်သွားပြီး သူ့သားသမီးနှစ်ယောက်ကို သေရာလေ့လာမိပါတယ်။

ကျွန်တော်သေရာယူလာတဲ့ ဒင်္ဂါးစေ့ငါးစေ့ကို ကလေး တွေထည့်ထားတဲ့ သံဘူးကလေးထဲထည့်ပြီး -

"ငါ့တူနဲ့ တူမတို့ နှစ်ယောက်အတွက် မုန့်ဖိုးယူပါ။ ဦးလေး ကိုလည်း စီးပွားရေးအခြေအနေကောင်းအောင် လုပ်ပေးပါ။ အလှူ ပွဲများများရအောင်လည်း လုပ်ပေး၊ စွဲပေးပါ"လို့ ပြောလိုက်တယ်။

"ကိုတောက်ထိန် . . ညက သားနဲ့သမီးပေးတဲ့ အိပ်မက် မကောင်းဘူး။ ဒီရက်ပိုင်းမှာ သွေးသံရဲရဲ ဒီအိမ်မှာဖြစ်ဖို့ မြင်တယ် တဲ့။ တော် . . အရက်သောက်တာ လျှော့ဦး။ တော့ကိုလည်း အရက် မသောက်တော့ဖို့ ပြောပေးပါတဲ့"လို့ ဦးတောက်ထိန်မိန်းမက သူ့ ယောက်ျားကို ပြောတယ်။

"နင်ကလည်းဟာ ငါအရက်သောက်တာ ဆန်းသမို့လား။ နင့်သားနဲ့သမီးက ငါအရက်သောက်တာ မကြိုက်တော့ ဒီလိုပဲ ပြော မှာပေါ့"လို့ ဦးတောက်ထိန်က ပြန်ပြောတယ်။

"ဟုတ်တယ် . . ဦးတောက်ထိန်၊ အရက်ကို ခင်ဗျားကြိုက် လို့သောက်တာတော့ ကျွန်တော်လည်း ဘာမှ မပြောချင်ပါဘူး။ ဒါပေ မယ့် လစ်မစ်နဲ့ သောက်ပေါ့ဗျာ။ အခု . . ခင်ဗျားကျင်လည် ကျက်စား နေတဲ့နေရာက သူ့ထက်သူ လူစွမ်းကောင်းတွေချည့်ဗျ"

လို့ ကျွန်တော်ပြောမိတယ်။

"မစိုးရိမ်ပါနဲ့ . . ကိုညိုစိမ့်ရာ၊ ဒီလောကမှာ ကျွန်တော် ကျွေးမွေးထားတဲ့ကောင်တွေ ချည့်ပါဗျ။ ကျွန်တော့်ကို ရန်မရှာဝံ့ကြ ပါဘူး"လို့ ဦးတောက်ထိန်က အကြောက်အကန် ငြင်းတယ်။

"အောင်မယ်လေး . . မထင်နဲ့ ဦးတောက်ထိန်၊ ခင်ဗျားတို့ ကျွန်တော်တို့ ဒီလို ကောင်းကောင်းမွန်မွန် နေနိုင်အောင် ကိုယ်ကျိုး စွန့်ပြီး မြန်မာပြည်ကြီး လွတ်လပ်ရေးရအောင် အနစ်နာခံ လုပ်



www.burmeseclassic.com

www.burmeseclassic.com



"အိုး! . . ရှက်စရာကြီး၊ ဒီလူ မူးလာရင် လူတွေ့မချော ဟိုလုပ် ဒီလုပ်နဲ့ ဖယ်စမ်းပါ" ဟုပြောကာ တွန်းထုတ်လေ၏။

"ကိုင်း . . ဦးတောက်ထိန်ရေ . . ညဉ့်နက်နေပြီဗျ၊ ကျ ပြန်တော့မယ်။ ခင်ဗျားတို့ လုပ်စရာရှိတာ ဆက်လုပ်ကြဗျာ"

"ဟင်းနော် . . ဦးညိုစိမ့်ကြီး ရှင့်စကားက အနောင့်မလွှ အသွားမလွှတ်နဲ့"

"*ဟား . . ဟား . . ဟား*"

ကျွန်တော်နဲ့ ဦးတောက်ထိန် ပြိုင်တူ ရယ်မိလိုက်သည်။

ကျွန်တော်လည်း မှော်ဝင်စား လူချောက်မောင်နမကို နှ ဆက်ပြီး ဥယဉ်ဇရပ်မှ ပြန်ခဲ့တယ်။ ကလေးနှစ်ယောက်မှာ မ သွေးခဲလို မည်းနေသည်။ နှစ်ယောက်စလုံး (ရှင်လောင်း)အဝ အစားသဏ္ဍာန် ဝတ်ဆင်ထားသည့်ပုံ ပေါ်နေ၏။

မောင်လုပ်သူက ဘယ်ခြေတစ်ဘက် တန်းလန်းချထားပြီ ထိုခြေထောက်၏ ဒူးပေါ်သို့ ညာခြေတင်ထားသကဲ့သို့ ညီမလုပ်သူ က ညာခြေထောက်ချထားပြီး ၎င်းခြေထောက်ပေါ်သို့ ဘယ်ခြေ တင်ထားကာ ကုလားထိုင်ပေါ်ထိုင်နေသည့် ပုံသဏ္ဍာန်ပေါ်နေ၏။

ခေါင်းပေါ်မှာ ဘုရင်တို့ဆောင်းလေ့ရှိတဲ့ အချွန်အတက် များပါသော အရာဝတ္ထုတစ်ခု ဆောင်းထားသကဲ့သို့ရှိပြီး ညီမလု သူ၏ခေါင်းပေါ်မှာတော့ သရဖူလေး ဆောင်းထားသယောင် ပုံပေ နေ၏။ လက်မောင်းပေါ်တွင်လည်း အချွန်လေးများပါနေပြီး စလွ သိုင်းကြိုးများလည်း ပါ၏။ အားလုံးမှာ ချပ်ချပ်ရပ်ရပ်ရှိလှသည်။

ဤသို့ဖြင့် ကျွန်တော်သည် ဝါးတံတားပေါ်မှ လျှောက်လာ ရာ ကျွန်တော်တို့ဘက်ခြမ်းသို့ရောက်သော် အရာဝတ္ထုတစ်ခု ခလုတ်တိုက်မိ၏။

"ဘာများပါလိမ့် . . "ဟု တွေးကာ ကျွန်တော် ကောက်ယူ ကြည့်မိရာ သတင်းစာစက္ကူအပိုင်းအစများဖြင့် ထုပ်ထားသော အထုပ်တစ်ထုပ်ဖြစ်နေ၍ ဖြည်ကြည့်လိုက်ရာ ငွေစက္ကူများဖြစ်နေ သည်ကိုတွေ့ရှိလေရာ ရေတွက်ကြည့်ရာတွင် ငွေကျပ်ငါးထော



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ ကျွန်တော် သက်ပြင်းချမိတယ်။ အိပ်မက်ထဲက အတိုင်း မဖြစ်ပါစေနဲ့လို့လည်း ဆုတောင်းမိတယ်။ ကျွန်တော်လည်း လူခြောက်မောင်နှမနှစ်ယောက်အတွက် မုန့်သွားပေးဖို့ ပြင်ဆင်လိုက်တယ်။

"ယောက်ျား . . မှောင်နေပြီ။ ညည့်လည်း နက်နေပြီ။ မနက်မှသွားပေးပါလား"လို့ ဇနီးအမာစိန်က တားတယ်။

ဥယဉ်ဇဉ်ရှာဘက်ကို ကြည့်လိုက်တော့လည်း မှောင်မည်းနေတယ်။ အဲဒီဘက်ကမ်းမှာက လျှပ်စစ်မီးမရဘူး။ အာလာဒင်မီးခွက်တွေထွန်းပြီး နေကြရတာ။ တချို့အိမ်တွေက မီးရောင်တောင် မရှိတော့ဘူး။ အိပ်ကုန်ကြပြီ ထင်တယ်။

"မဟုတ်ဘူး . . မိန်းမရ၊ ကလေးနှစ်ယောက်က ငါ့ကို အိပ်မက်ပေးတယ်။ သူတို့အဖေ လူသတ်ခံရလို့တဲ့ . . သူတို့အဖေကို အရက်မသောက်ဖို့လည်း ပြောပေးပါတဲ့ကွ။ အဲဒါကြောင့် ကလေးတွေအခြေအနေနဲ့ ဒီကောင်ကြီးကိုလည်း သတိပေးချင်လို့သွားရမှာ"

"ဒါဆို ကျွန်မလည်း လိုက်မယ်။ ကလေးတွေကိုလည်း မြင်ဖူးချင်လို့"လို့ပြောပြီး လက်နိပ်ဓာတ်မီးယူပြီး ကျွန်တော့နောက်က လိုက်လာတယ်။

ဦးတောက်ထိန်ရဲ့အိမ်က စကု၊ လယ်ကိုင်း၊ ကျောင်းတော်ရာသွားတဲ့ ကားလမ်းနံဘေးမှာ မြေစိုက်တဲထိုးနေတာ။ သူ့ပတ်ဝန်းကျင်မှာက အနှစ်ငါးဆယ်လောက်ကပေါက်နေတဲ့ လက်ပံပင်ကြီးတွေရှိတယ်။

လက်ပံပင်ကြီးတွေရဲ့ပင်စည်က လူလေးယောက် လက်ချင်းယှက်ပြီး ဖက်မှမီတယ်။ အပင်က အကြီးကြီးတွေဆိုတော့ အရိပ်ကျနေတာ မည်းမှောင်နေတာပဲ။ ကျွန်တော်တို့လင်မယား ဥယဉ်ဇင်ကမ်းရောက်လို့ တံတားပေါ်ကဆင်းမယ်လည်း ပြင်လိုက်ရော-

"လိုက်ဟေ့ . . လိုက်ကွ"

"မလွတ်စေနဲ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



လူတွေက တန်းတန်းမတ်မတ်ပဲ တောက်ထိန်အိမ်ထဲ ဝင်သွားကြ တာ မြင်ရတယ်။ ကျွန်တော်နေတဲ့နေရာနဲ့ သူတို့ဖြစ်နေတဲ့နေရာ နဲ့က ပေ(၂၀) ကျယ်တဲ့ မန်းချောင်းရေပဲ ခြားတယ်။ ရေက (၇)ပေ လောက်နက်လို့ တံတားထိုးထားတာ။

"ဟော့ . . မိရွှေကြည်၊ နင့်လင် တောက်ထိန် ဘယ်မလဲ"

"ကိုတောက်ထိန် အိမ်ပြန်မလာသေးဘူး"

"မညာနဲ့ . . ငါတို့ရွာက နင့်ယောက်ျားပြေးသွားတာ မရောက်သေးဘူးဆိုတာ မဟုတ်နိုင်ဘူး။ ရှာကြစမ်းကွာ"

လို့ ဓားကိုင်ထားသူကပြောတော့ သူ့နောက်က လူတွေက အိမ်ထဲ ဝင်ရှာကြတယ်။ လက်ပံပင်မှာ ပုန်းကွယ်ပြီး ကြည့်နေတဲ့ တောက်ထိန်က အားလုံးမြင်နေတယ်။

"အိမ်ထဲတော့ မရှိဘူး ဗမိုးရေ"

"ဟဲ့ . . ရွှေကြည် . . နင် မပြောဘူးလား"

"ရှင်တို့နဲ့အတူတူ ခြောက်ကောင်ပိုင်းကို သွားတာပဲလေ။ လူကိုလာပြီး အရှုးလုပ်မနေနဲ့ . . ကျုပ်ယောက်ျားက ရှင်တို့ကို ဘာ လုပ်သွားလို့လဲ"

"ဘာလုပ်ရမှာလဲ။ နင်ယောက်ျားက ငါ့နမလက်ကို ဆွဲပြီး ရည်းစားစကား ပြောသွားတယ်။ မကြိုက်ဘူးပြောတော့ ငါ့နမကို ပါးရိုက်သွားတယ်"

"အလိုတော် . . ဒါများ အဆန်းလုပ်လို့ . . ခါတိုင်းလည်း မူးလာရင် ဒီလိုလုပ်နေတာပဲဟာ၊ အခုမှလာပြီး ပြဿနာရှာနေကြ တယ်"

"ဟော့ကောင် . . ဗမိုး ကြာတယ်ကွာ၊ တောက်ထိန်မှ မတွေ့ ရင် သူ့မိန်းမကို သတ်လိုက်ကွာ"

"အေး . . ဟုတ်တယ်။ လျှာရှည်တဲ့ကောင်မ သွားတော့"

"ဒုတ်! . ."

"အင့်! . ."

မရွှေကြည် အော်တောင် မအော်လိုက်နိုင်ဘူး။ ခေါင်းပြတ်

www.burmeseclassic.com

www.burmeseclassic.com



ရဲတွေ သူ့အိမ်ပေါ်ရောက်တာနဲ့ ဦးတောက်ထိန်က သူ့
လက်နှစ်ဘက်ကို ဖြောင့်ဖြောင့်တန်းလျက် ရှေ့တိုးပေးပြီး လက်
ထိပ် အခတ်ခံတယ်။ ကျွန်တော်က နားမလည်လို့ ဦးမောင်မောင်
စိုးကိုမေးကြည့်တော့ (မိန်းကလေးကို ကိုယ်ထိလက်ရောက် ရိုက်
မှု၊ ကာယ အိမ်မြှေ့ပျက်စေမှု)နဲ့ လူသတ်သမားတွေက အမှုတိုင်ထား
သတဲ့။

ရဲတွေ အလုပ်ရှုပ်နေတုန်း ကျွန်တော်က လူခြောက်
မောင်နှမထည့်ထားတဲ့ သံပုံးကလေးကိုကြည့်လိုက်တော့ မောင်နှ
နှစ်ယောက်နေတဲ့ အောက်အခင်းက ရေတွေစိုရွှဲနေတာ တွေ့ရ
တယ်။

ဒါနဲ့ လူခြောက်မောင်နှမကို သေသေချာချာ ကြည့်မိတော့
မျက်ခွက်များက မျက်ရည်များ တစိမ့်စိမ့်ကျနေတာကို တွေ့ရတော့
ကျွန်တော်ပါ ရင်စို့သွားမိတယ်။

"တူနဲ့တူမတို့ရယ် . . ဦးလေးကို ခွင့်လွှတ်ပါ။ ဦးလာတာ
နောက်ကျသွားတယ်။ မင်းတို့နှစ်ယောက်ကို ဦးကောင်းကောင်း
စောင့်ရှောက်ပါမယ်"လို့ ကတိပေးပြီး ကလေးနှစ်ယောက်ကို ရင်ခွင်
ထဲထည့်ပြီး ပွေ့ပိုက်ထားမိတယ်။

"ကိုညိုစိမ့် . . ကျွန်တော့ သားနဲ့သမီးကို စောင့်ရှောက်
ပေးပါ။ ကျွန်တော် ပြန်လွတ်လာတဲ့အထိပေါ့ဗျာ"

"စိတ်ချပါ . . ကိုတောက်ထိန်၊ ကျွန်တော် စောင့်ရှောက်ပါ
မယ်။ ဒါနဲ့ ခင်ဗျားယောက္ခမကြီးက လာခေါ်ရင်ရော ထည့်လိုက်ရ
မလား"လို့ ကျွန်တော် ကိုတောက်ထိန်ကို မေးမိတယ်။

ဦးတောက်ထိန်ရဲ့ယောက္ခမကြီးက မယ်သီလရှင်ဝတ်ပြီး
မင်းဘူးအနောက်ဘက် မန်းရေနံမြေရဲ့ကြားက ကန်ရေရွာမှာ နေ
ထိုင်တယ်။

"အမေလာရင်တော့ ထည့်ပေးလိုက်ပေါ့ဗျာ၊ သူ့မြေးတွေ
ပဲ . . သူကောင်းကောင်း ဂရုစိုက်လိမ့်မယ်ထင်ပါတယ်"

လို့ပြောတယ်။ ကျွန်တော်လည်း ကလေးတွေ ခေါ်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ဘာများဖြစ်ကြပါလိမ့်လို့ သိချင်တဲ့စိတ်နဲ့ မော်တော်ဆိုင်ကယ်ကို လူလွတ်တဲ့နေရာမှာရပ်ပြီး သွားစုံစမ်းကြည့်လိုက်တော့ -

ရွှေစက်တော်ဘုရားဖူးသွားတဲ့ ကားတစ်စီးက မယ်သီလရှင်တစ်ပါးကို ဘရိတ်ပေါက်ပြီး တက်နင်းသွားလို့တဲ့ . . အနင်းခံရတဲ့ မယ်သီလရှင်ပွဲချင်းပြီး သေသွားတယ်ဆိုလို့ ကျွန်တော်လည်း ကျွန်တော်တွေ့ချင်တဲ့ မယ်သီလရှင်များလားဆိုပြီး အမောတကော သွားကြည့်မိတယ်။

ဘုရား . . ဘုရား ဘာမှမဖြစ်ပါစေနဲ့လို့လည်း ဆုတောင်းမိတယ်။ ဒါပေမယ့် ဆု တောင်း မပြည့်ခဲ့ဘူး။

ကားတိုက်ခံရလို့ သေသွားတဲ့မယ်သီလရှင်က ကျွန်တော်တွေ့ချင်တဲ့ (ဂမ္ဘီရ)လူခြောက်မောင်နမရဲ့အဖွား စာရေးသူတို့ဒေသအခေါ် အမေကြီးဖြစ်နေတယ်။

သေသွားတာ လူခြောက်မောင်နမရဲ့အဖွား ဒေါ်ဒေဝီလေ။ လူခြောက်မောင်နမကတော့ ချက်ချင်း လက်တုံ့ပြန်လိုက်တာပဲ။ အော် . . အရက်ရဲ့ အကျိုးဆက်အဖြစ်အပျက်တွေလေ။

ကျွန်တော်လည်း ကန်ရေရွာကို အရောက်သွားပြီး လူခြောက်မောင်နမနှစ်ယောက်အလောင်းကိုယူပြီး မန်းချောင်းထဲ ပြန်ခဲ့တယ်။

မင်းဘူးမြို့ ပရဆေးဆိုင်က ကရမက်၊ နံ့သာဖြူနဲ့ ရှင်မတောင်သနပ်ခါးတုံးတွေ ဝယ်ယူလာပြီး မီးရှို့လို့ရတဲ့ အရွယ်အစားတွေခုတ်ထစ်ပြီး ကလေးနှစ်ယောက်ကိုတင်ကာ မီးသင်္ဂြိုဟ်လိုက်တယ်။

ကိုယ်ကိုးကွယ်နေတဲ့ ဆရာတော်ကိုပင့်ပြီး သူတို့ကလေးတွေအတွက် (သရဏဂုံ)တင်ပေးလိုက်ပြီး အရိုးပြာတွေကိုတော့ မန်းချောင်းရေထဲပဲ မျှောလိုက်တယ်။

မိရွှေကြည်ကို ကိုယ်ထိလက်ရောက်သတ်ခဲ့တဲ့ လူသတ်သမား ဗမိုးက ထောင်ဆယ်နှစ်ကျခဲ့တယ်။ ကြံရာပါတွေက ထောင်(၁)နှစ်စီကျတယ်။



www.burmeseclassic.com

www.burmeseclassic.com




# ကြိုးသမားတစ္ဆေ

ညိုချောင်

www.burmeseclassic.com

www.burmeseclassic.com





၂။

"အမလေး.. လျှော်ကြိုးတစ်လစ်
မျက်လုံးကြီးကလည်း
ပြူးထွက်လို့
ကြောက်စရာကြီးပါလား"
"ဟ.. ဒီလောက်မြင့်တဲ့
ပိတောက်ပင်ပေါ်
ဘယ်လိုများ တက်သွားပါလိမ့်"

"အမယ်လေးတော့ .. လုပ်ကြပါဦး၊ ဟော .. ဟောဒီသစ်ပင်ပေါ်မှာ ကြိုးတွဲလောင်းနဲ့ လူ .. လူသေကြီး"

အရုဏ်ဦး၏ ရောင်နီသန်းခါစ။

မှောင်ရီပိုးတဝါး..မိုးစက်ပေါက်တို့က တဖြောက်ဖြောက်ကျနေချိန်။ ငှနေယျသတ္တဝါအပေါင်းတို့ အိပ်မောကျနေကြချိန်။

အသံနက်၊ အသံပြဲကြီးဖြင့် ထိတ်လန့်တကြား လမ်းတစ်လျှောက်လုံး ငယ်သံပါအောင် အော်ပြေးနေသည့် အသံကြောင့် အိပ်မောကျနေသည့် လူအပေါင်းတို့သည် အသံလာရာ လမ်းမပေါ်သို့ အသီးသီး အသက အသက အူယားဖားယား ထွက်လာကြတော့သည်။

ဤမည်သော အထိတ်တလန့် အသံရှင်သည်ကား မြို့ပေါ်သို့ သပြေပန်းနှင့် ရာသီပွင့်ပန်းများကို ခေါင်းထက်တင်ကာ ရောင်းရန် ထွက်လာသည့် မြို့နီးချုပ်စပ်(မြို့ဆင်ခြေဖုန်း)မှ ပန်းသည်မကြီးတစ်ဦးပင် ဖြစ်ချေသည်။



www.burmeseclassic.com

www.burmeseclassic.com



ညွှန်ပြရာဘက်သို့ ပြိုင်တူ လှမ်းကြည့်လိုက်ကြသည်။

"ဟာ! . . ဟင်! . . အလိုလေး . . ကျွတ် . . ကျွတ် . . ကျွတ်"

"ဟယ်! . . လူတစ်ယောက် သစ်ပင်ပေါ်မှာ ကြိုးတန်း လန်းကြီးနဲ့ သေနေပါလား"

"အမလေး . လျှာကြီးတစ်လစ် မျက်လုံးကြီးကလည်း ပြူး ထွက်လို့ ကြောက်စရာကြီးပါလား"

"ဟ . . ဒီလောက်မြင့်တဲ့ ပိတောက်ပင်ပေါ် ဘယ်လိုများ တက်သွားပါလိမ့်"

"ပေ(၃၀)လောက်မြင့်တာတောင် သူ့ကိုယ်သူ သေကြောင်း ကြံဖို့ကြိုးစားတာ အံ့ပါရဲ့တော်"

"အေးကွာ . . ကိုယ့်ကိုယ်ကို သတ်သေဖို့အရေး ဒီလောက် မြင့်ပြီး အောက်မှာလည်း ခြုံနွယ်ပိတ်ပေါင်းတွေ ထောထနေတာ တောင် ဒီလူ ဘယ်လိုများ ကုပ်ကပ်တက်သွားပါလိမ့် . . စဉ်းစားလို့ ကို မရဘူး"

အထိတ်ထိတ်၊ အလန့်လန့်ဖြင့် အံ့ဩတကြီး ဝိုင်းကြည့်နေ ကြသည့် ကလေး လူကြီး၊ ယောကျ်ား မိန်းမအပေါင်းတို့သည် မိမိ တို့ စိတ်ကူးရသမျှ ဉာဏ်မှီသမျှ ထင်မြင်ချက်တွေပေးရင်း အခိုက် အတန့်တွင် ဒီအမင်္ဂလာ မြင်ကွင်းအပေါ် အာရုံရောက်ကာ မှင်တက် မိကြလေ၏။

လူအုပ်ကြီးသည် တရွေ့ရွေ့ဖြင့် အနီးကပ် မြင်တွေ့နိုင် ရန် ကြိုးဆွဲချပြီး တွဲလောင်းကြီးသေဆုံးနေသည့် အလောင်းကောင် အောက်နားသို့ ချောက်ချားတုန်ရီစွာ တဖြည်းဖြည်း တိုးလာကြ တော့၏။

လူတို့မည်သည် ဘယ်လိုပင် ထိတ်လန့်တုန်လှုပ်နေကြ လင့်ကစား၊ စပ်စုလိုစိတ်တို့ကို တားဆီးခြင်းငှာ မတတ်နိုင်ရကား သိချင်မြင်ချင်စိတ်ကြောင့်ပင် စုရုံးကြည့်နေမိကြခြင်းပင် ဖြစ်သည်။

"ဟဲ့ . . ဒီအကောင်က ဘယ်သူလဲ။ ဘယ်က ကောင်လဲ



www.burmeseclassic.com

www.burmeseclassic.com



မှ မထောက်"

"ကဲ..ကဲ ဒါတွေ နောက်မှပြော၊ ခင်ဗျားတို့ အလောင်းဖိုက်ဆွေးမနေနဲ့ဦး၊ ရဲစခန်းသာ မြန်မြန် အကြောင်းကြားလိုက်ကြ။ ကောင် .. လှအောင် မင်းမှာ ဆိုင်ကယ်ပါတယ်မဟုတ်လား .. ချက်ချင်း အကြောင်းသွားကြားစမ်းကွာ"

"ဟုတ် .. ဟုတ် ဦးလေး"

ပထမလူနှင့် ဒုတိယလူတို့ အချီအချပြောနေစဉ် နားလော်လာသည့် တတိယလူကြီးက တာဝန်သိသိဖြင့် အနီးရှိလူငယ်တစ်ဦးသို့ အမိန့်ပေးစေခိုင်းလိုက်ခြင်းဖြစ်သည်။

ထိုစဉ် လူအုပ်ထဲမှ အမျိုးသမီးတစ်ယောက်က မည်သို့စိတ်ကူးပေါက်သည် မသိ။

"ဟဲ့ .. နင်းနင်းယောက်ျားဖြစ်နေတယ်ဆိုတော့ နင်းနင်းကို သွားခေါ်မှဖြစ်မှာပေါ့၊ နင်းနင်းအိမ်နဲ့ ဘယ်သူနီးလဲ။ သွားခေါ်ပေးဦး"

"ကျွန်မ သွားခေါ်ပေးပါ့မယ်။ နင်းနင်းအိမ်က ကျွန်မအိမ်ဘေးနားမှာပါ"

မိန်းမရွယ်ကပြောပြီး လူအုပ်ကြီးထဲမှ ခွဲထွက်သွားသည်။

မကြာခင်မှာပင် လှအောင်နှင့်အတူ ရဲသားနှစ်ယောက်သုံးယောက်တို့ အူးယားဖားယား ဆိုင်ကယ်ကိုယ်စီဖြင့် ရောက်လာကြတော့၏။

ထိုအထဲမှ ရဲသားတစ်ယောက်သည် ကြိုးဆွဲချပြီး တွဲလောင်းကြီးဖြစ်နေသည့် အလောင်းကောင်ရှိရာ ပိတောက်ပင်ပေါ်သို့ ခဲရာခဲဆစ် ကုပ်ကပ်တက်လိုက်လေ၏။ ပြီးလျှင် အသင့်ပါလာသည့် အပျော်တမ်းကင်မရာဖြင့် ဓာတ်ပုံများစွာတို့ကို တဖျတ်ဖျတ် ရိုက်နေပါတော့၏။

❖

ရှမ်းပြည်မြို့လေး၏ ဖြစ်ရိုးဖြစ်စဉ်အတိုင်း မနက်စောစော



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းသိသူ တချို့ကတော့မူ-

"ဟင်း . . ဒီကောင်မ . . ခုမှ လူပုံအလယ်မှာ မျက်ရည်ခံ ထိုးပြနေတယ်။ ဟွန်း . . အကြောင်းမသိရင် ခက်မယ်"

ဆိုသောအတွေးဖြင့် ကြိတ်ပြီး မေးငေါ့နေကြသူများလည်း ရှိနေကြလေ၏။

❖

ဖြစ်ပုံမှာ ထိုနေ့မနက်စောစောတွင် အလင်းရောင်ပင် ကောင်းစွာ မထွက်ပြူသေး။ မြို့ဆင်ခြေဖုံးရွာမှ မိုးမလင်းသေးခင် မြို့တက် ပန်းရောင်းထွက်လာသည့် အမေအိုကြီးသည် အနီ အခင်း ဖြစ်သည့်ပိတောက်ပင်အောက်သို့ရောက်လေလျှင် ဆီးသွားချင်သည် နှင့် တောထိုင်လိုက်သည်။

ဘာရယ်ညာရယ် မဟုတ်။ ဆဋ္ဌမအာရုံ၏ စေ့ဆော်ချက် ကြောင့်လို့ပဲ ပြောရမလားမသိ။ အမေအိုသည် အပေါ့သွားနေရင်း မှာပင် ကြက်သီး တဖြန်းဖြန်းထလာသည်နှင့် ထိုပိတောက်ပင်ပေါ် သို့ အမိပ္ပာယ်မဲ့စွာ မော့ကြည့်မိလျက်သား ဖြစ်သွားသည်။

"အမယ်လေးတော့ . . လုပ်ကြပါဦး၊ ဟော . . ဟော . . ဒီ သစ်ပင်ပေါ်မှာ ကြိုးတွဲလောင်းနဲ့ လူ . . လူသေကြီး"

ဤအဖြစ်သည်ကား လွန်ခဲ့သော(၁၀)နှစ်ခန့်က အိမ် ထောင်ရေး ဖောက်ပြန်မှု၏ ရလဒ်တစ်ခုအဖြစ် ဖြစ်ပျက်သွားသည့် ရှမ်းပြည်တစ်နေရာ မြို့ကလေးတစ်မြို့မှ ရင်နင့်ချောက်ချားဖွယ် အဖြစ်အပျက်ကလေးတစ်ခုပင် ဖြစ်ပေတော့သတည်း။

❖

**မျှော်မထားသည့် မိန်းမယုတ်**

"အဟင်း . . ဟင်း အသက်ရှူကြပ်တယ်ကွာ၊ လူလည်း ချွေးစေးတွေတောင် စို့နေပြီ။ တစ်ပတ်လောက်တော့ ရှင် ဖက်ထား တာတွေ လျှော့ပါဦးတော့ ကိုစန်းအောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



အတ်ခင်းနေကြသည့်အချိန်တွင် ခြင်ထောင်အပြင်ဘက် ထုတ် ကာ ခွေခွေကလေးသိပ်ထားသည့် သမီးနှစ်ယောက်မှ အကြီး ဖြစ်သူ နင်းလဲ့မောင်သည် အိပ်မှုံစုံမွှားဖြင့် မျက်လုံးနှစ်လုံးကို ပွတ် ပြီး ထထိုင်လာသည်။

ကလေးမလေးသည် ဗလုံးဗထွေးအသံများကြောင့် နစေ တိမ်တောင်ဖြစ်ကာ မိခင်ဖြစ်သူနှင့် သူစိမ်းယောက်ျားကြီးတို့အား တစ်လှည့်စီ မပီပိုးတဝါးကြည့်ရင်း –

“အဖေ ရောက်ပြီလား အမေ၊ ဟင့် . . အဖေလည်း ဟုတ်ဘူး။ အဖေ မလာသေးဘူးလားဟင် . . အဖေကလေ သူ အိမ်ပြန်လာရင် သမီးတို့အတွက် မုန့်သိုင်းခြုံဝယ်ခဲ့ပေးမယ်လို့ ပြောထားတယ်”

“ဟဲ့ကောင်မ . . နင့်အဖေ ပွဲမှာ အလုပ်သွားလုပ်တာ သိရဲ့သားနဲ့ . . ပြန်အိပ် အိပ်ပျော်အောင်အိပ်၊ ခေါင်းထောင်ထ မလာနဲ့ကြားလား . . စောင် ခေါင်းမြီးခြုံပြီးအိပ် နင် မအိပ်ရင်တော့ ငါရိုက်မှာနော်”

နင်းနင်းသည် မိမိတို့ အချစ်ပလူးလို့မှ မဝသေးခင် အနှောင့် အယှက်ဝင်လာသည်မို့ စိတ်ကသိကအောက်ဖြစ်ကာ အကြီးမ အား စိတ်ဆိုးမာန်ဆိုးဖြင့် ခြောက်လှန့်လိုက်သည်။

“ဟင့်အင်း . . ဟင့်အင်း သမီး မအိပ်ချင်တော့ဘူး။ အမေ့ ဘေးနားက ဘယ်သူလဲ။ အဖေလာရင် တိုင်ပြော . .”

“တယ် . . ဒီကောင်မလေး ငါလုပ်လိုက်ရ၊ သေတော့ မယ်။ ငါ့များ စိလားဆေးလားနဲ့ . . ဘယ်သူဖြစ်ဖြစ် နင့်အပူ တစ်ပြားသားမှမပါဘူး”

“ကဲ . . အခုကတည်းက ပြောထားမယ်နော် . . နင့်အဖေ လာရင် အိမ်ကို ဘယ်သူလာတယ်။ ဘာလုပ်တယ်ဆိုတာ လုံးဝပြန် မပြောရဘူး ကြားလား . . ၊ အဲ ပြောရင်တော့ နင် ငါ့အကြောင်း သိတယ်မှတ်လား။ အရင်လို အသေရိုက်သတ်ပစ်မယ်၊ ငါ့များ ဘာ မှတ်နေလဲ . .”

www.burmeseclassic.com



တာ နင်းနင်းမပြောလည်း တစ်လောကလုံးက သိနေကြတယ် ဟား . . ဟား၊ နင်းနင်းက တို့ယောက်ျားတွေအကြောင်းမှ မသိဘဲ"

"ယောက်ျားဆိုတဲ့အမျိုးဟာ ကိုယ်နဲ့ အတူတူအိပ်ဖူးတဲ့ မိန်းမအကြောင်းကို လူတကာကို ကြွားတတ်တယ်ကွဲ့ ဟဲ . . ဟဲ"

နင်းနင်းသည် စန်းအောင်စကားကြောင့် ခိုးထုပ်ခိုးထည်နှင့် အမိခံရသည့်သူနှယ်။ ကြက်ကြီးလည်လိမ်သလို၊ စကားမဆိုသာဘဲ စန်းအောင်၏အထွေးအပွေ့အောက်မှာ စိတ်မသက်မသာဖြင့် ငြိမ်ခံနေလိုက်ရတော့သည်။

"ဒါတွေ ကိုယ်သိတာ ကြာပါပြီကွာ၊ မြွေမြွေချင်း ခြေမြင်ပါတယ်။ ဘာလဲ . . ကိုယ်က မင်းလင်တော်မောင်ကို ပြောပြလိုက်မယ်လို့ မင်းထင်နေလား"

"စိတ်ချ . . မင်းကိုယ့်ကို ချွာမချမချင်း ကိုယ်မပြောပါဘူး ဟဲ . . ဟဲ၊ ကဲ ဒါတွေ အသာထားလိုက်တော့ . . ကြည်နူးနေတာလေးတောင် ဘယ်ပျောက်ကုန်မှန်း မသိတော့ဘူး"

စန်းအောင်သည် ပြောနေရင်းမှ ဘေးတစောင်းထိုင်လျက် ငူငူငိုင်ငိုင် မှိုင်တွေနေသည့် နင်းနင်း၏ တပ်မက်ချင်စဖွယ်ထွားထွားစွင့်စွင့် ကိုယ်ခန္ဓာအား သူ့ရင်ဘတ်ပေါ်သို့ ဆွဲပွေ့ရင်း ကလေးနှစ်ယောက်နှင့် ခြင်ထောင်ချင်းခြား၊ စည်းတားလိုက်လေတော့၏။

❖


အိမ်ကပျဉ်ဘက်မှ ခွေးကတက်ပေါ်သို့ တက်ဖို့အလုပ်ဇနီးဖြစ်သူ နင်းနင်းနှင့် တစိမ်း(သူစိမ်း)ယောက်ျားတို့၏ တိုးညှင်းသည့် ခြင်ထောင်သံဖြင့်ပြောနေသည့် စကားသံကြောင့် ကျော်မောင်သည် လှမ်းလက်စခြေလှမ်းတို့ကို ပြန်ရုတ်သိမ်းပြီးလျှင် တဒိတ်ဒိတ်ခုန်သော ရင်ဖြင့် နားစွင့်နေလိုက်သည်။

ထိုညက ပွဲခင်းထဲမှ ပိုက်ကျူးဝိုင်းတွင် မိမိလို လွှန်ခံ့သမားချင်း စကားများကြ၍ စိတ်ပေါက်ပေါက်ဖြင့် ဝိုင်းမသိမ်းခင် အိမ်ပြန်



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ သမီးကြီးဟာ ငါ့သမီးအစစ်ပါကွာ။ သမီးကြီးကလည်း ငါ့ဆိုရင် အရမ်းချစ် အရမ်းကို တွယ်တာ.တာ လေ"

"တစ်ခါ . . တစ်ခါ သမီးကိုချီပိုးပြီး နေပူထဲ လမ်းထွက်လျှောက်လို့ သမီးကို ဦးထုပ်ဆောင်းပေး ထားရင် အဖေကြီး နေပူမှာပေါ့ . . သမီးဦးထုပ်ကို ယူဆောင်းဆို ပြီး သူ့ခေါင်းပေါ်က ဦးထုပ်ကို အတင်းချွတ် . . ငါ့ကို ဆောင်းပေး တတ်တဲ့ သမီးလေး . . မုန့် စားနေရင်လည်း အဖေကြီး စား . . ဆိုပြီး သူစားနေတဲ့ မုန့်ထဲက ငါ့ပါးစပ်ထဲကို အတင်းထိုးသိပ်ပေးနေကျ"

"အို . . မဖြစ်နိုင်ဘူး။ သမီးကြီး နှင်းလဲ့မောင်ဟာ ငါနဲ့ မွေးထားတဲ့ ငါ့ကလေးပါကွာ . . ဟီး ဟီး သမီးရေ၊ သမီးကြီးဟာ အဖေ့သမီး မဟုတ်ဘူးတဲ့။ အဖေ ရင်ကွဲရပြီ သမီးရဲ့ . . ဟီး ဟီး ဟီး"

ကျော်မောင်သည် သဲ့သဲ့မျှ တီးတိုးစွာ ညည်းတွားရင်း အသိ စိတ်နှင့်ခန္ဓာကိုယ် မကပ်ချေတော့ဘဲ သူ့သမီးတို့အတွက် ဝယ်လာ သည့် မုန့်သိုင်းခြုံအထုပ်ကလေးအား အိမ်ရှေ့တံစက်မြိတ်အောက် တွင် ဘုတ်ခနဲ ပစ်ချပြီးသကာလ သူရူးတစ်ယောက်ပမာ ဦးတည် ချက်မရှိ ပြေးထွက်သွားလေတော့၏။

❖

**ယောင်ခြောက်ဆယ်နှင့် လူတစ်ယောက်**

"ငါ ဘယ်လိုလုပ်ရမှာလဲ။ ခုတော့ . . ငါ့ဘဝ ပျက်ပြီ။ ငါ ဘယ်သွားရပါ့"


www.burmeseclassic.com

www.burmeseclassic.com



**အပန်ငါးရာ ငါးကမ္ဘာကို မျက်ကွယ်ပြုသူတစ်ဦး**

တောင်ပေါ်စေတီတော်ကြီးအား လက်အုပ်ချီလျက် ဖြစ်ရပ်စုံတို့ကို တရေးရေး မြင်ယောင်နေသည့် ကျော်မောင်သည် ဆောက်တည်ရာမရသည့်အဆုံး၊ အသိမဲ့ခန္ဓာဖြင့် ဘုရားရင်ပြင်တော်မှ အုတ်လှေကားအတိုင်း ဒယီးဒယိုင်ဖြင့် တစ်ထစ်ချင်းနင်း ဆင်းလာခဲ့သည်။

သူသည် ဦးတည်ရာမဲ့သွားရင်း တစ်ခုသော ကွမ်းယာဆိုင်သို့ဝင်ကာ ဝယ်နေကျအတိုင်း ရာမ(ရာဘ)ဆေးပြားတစ်ချပ်ကို ဝယ်လိုက်၏။ ပြီးလျှင် ပိတ်သိမ်းလုဆဲဆဲ အရက်ဆိုင်မှ အရက်တစ်လုံးကိုပါ ဝယ်လိုက်ပြန်၏။

ကျော်မောင့်အဖို့ စိတ်၏ဖြေရာမှာ ဤအရာတွေသာ ဖြစ်လေ၍ ပုဆိုးကွင်းသိုင်းဖြင့် အရက်ကို ပုလင်းလိုက်မော့ရင်း မြောက်ဘက်ဖျားရှိ မြို့အစွန်လမ်းဆီသို့ ယိုင်တိယိုင်တိုင်ဖြင့် သိုင်းကွက်နင်းသွားလေတော့သည်။

အဆမတန် သောက်ထားသည့် အရက်ရှိန်ကြောင့် လည်းကောင်း၊ ကျော်မောင့်စိတ်တို့သည် ထုံထိုင်းနေရာမှ မြူးရွှင်တက်ကြွလာသည်။ အနီမည်သော ရာမတန်ခိုးဖြင့် ရယ်ချင်သလို၊ ငိုချင်သလို အစိုးမရသည့်စိတ်တို့ ဖြစ်ပေါ်ပါချေသည်။

သူသည် ဝေဟင်ထက်သို့ပင် တက်ပြေးလိုက်ချင်သလို၊ ငှက်သွင်ပျံတက်ချင်သလိုမို့ မိမိခေါင်းအထက်တွင် စီးမိုးနေသည့် ပိတောက်ပင်မြင့်ထက်သို့ စိတ်နှင့်ကိုယ်တို့ မပေါင်းစပ်ချေတော့ဘဲ အကိုင်းအခက်တို့ကို ဖက်တွယ်ကာ အခက်အခဲမရှိ တက်သွားလေတော့သည်။

ကျော်မောင်သည် သူ့သိုင်းလက်စ ပုဆိုးကွင်းကို ချွတ်ပြီး သကာလ၊ အတွင်းခံဘောင်းဘီမျှသာ ကျန်နေသည့် အနေအထားဖြင့် ပိတောက်ကိုင်းကြီးကြီး တစ်ကိုင်းပေါ်တွင် ပင်စည်ကိုမှီရပ်လျက် ပုဆိုးကို ကျစ်လိုက်သည်။

"သမီးတို့ရေ . . အဖေ လေဟုန်စီးပြီး သမီးလေးတို့ဆီ



www.burmeseclassic.com

www.burmeseclassic.com



ပစ်ချခဲ့သည့် မုန့်ထုပ်အား အမှတ်မထင် တွေ့ရှိသွားလေသည်။

"ဟင်! . . ဒါ . . ဒါ ကိုကျော်မောင် တို့သားအမိအတွက် ဝယ်လာခဲ့တဲ့ မုန့်ထုပ်ပဲ ဖြစ်ရမယ်။ အို! . . ဒါဆိုရင် ကိုမောင် စော စောကတည်းက ရောက်လာပြီးပေါ့ . . ဘုရား ဘုရား ဒုက္ခတော့ များပြီ။ ခုလောက်ဆို ကိုကျော်မောင် ငါတို့ပြောတာ၊ ဆိုတာတွေ သိလောက်ရောပေါ့၊ ဟင်း . . ငါဘယ်လို ဖြေရှင်းပြရတော့မှာလဲ၊ အင်း . . အဲဒါမှ ဒုက္ခ . . ကိုမောင်ကော ဘယ်များထွက်သွားပြီလဲ"

မုန့်သိုင်းခြုံမုန့်ထုပ်ကို မြင်မိသည့်အချိန်မှစ၍ နင်းနင်းမှာ ခြေမကိုင်မိ၊ လက်မကိုင်မိဖြင့် ကတုန်ကယင်ဖြစ်ကာ ကျော်မောင် ပြန်လာမည့်အချိန်ကို ရင်တမမဖြင့် စောင့်စားရင်း အိပ်မပျော်နိုင် ဘဲ ရှိချေသည်။

သေသူ၏ဝိညာဉ်တို့မည်သည် အသက်ရှင် သေသော်ငြား ခန္ဓာ့ဝန် အတ္တဘောကြီးမှ ပူးတုံ၊ ခွာတုံ ခွဲထွက်လာကာ တွယ်ရာမဲ့ လှုပ်ရှားသွားလာလျက်ရှိသည့် သဘောတို့ ဆောင်လေ၏။

သေလို့သေမှန်း မသိရှာသည့် ကျော်မောင့်ဝိညာဉ်သည်လည်း သူ ခင်တွယ် သံယောဇဉ်နှောင်ဖွဲ့ရာသို့ ခါတိုင်း ပြန်လာနေကြအတိုင်း နင်းနင်းတို့သားအမိ အိပ်နေသည့် အိပ်ခန်းဘက်သို့ ကမ္ဘာဇိဒ္ဓိအစွမ်းဖြင့် ကူးသန်းလာခဲ့ချေပြီတကား။

"ဝုန်း . . ဒုန်း . . ဒုန်း"

"ဒုန်း . . ဒုန်း ဂလုံး . . ဂလုံး"

"ဗိုး . . ဗိုး . . ဗုစ် . . ဗုစ် ဒေါက် . . ဂလောက် . . ဂလောက်"

"ဖျပ် . . ဖျပ် . . ဖျပ် . . ဖျပ်"

အိမ်နောက်ဖေးအခန်းမှ စားပွဲပေါ်တင်ထားသည့် ဂုံဂင်းသီး (ခြောက်ကောင်ဂျင်သီး)တို့သည် စားပွဲပေါ်မှ သူ့အလိုအလျောက် "ဂလုံး ဂလုံး"မြည်သံပေးရင်း လိမ့်ဆင်းလာသည်။

လေးကောင်ဂျင် အုပ်ဆောင်းမှ ဂျင်သီး၏ တဝီဝီမြည်သံတို့သည် အလိုအလျောက် ပန်ကာလည်နေသလို၊ မနားတမ်း လည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ပြီ . . ရေသတ္တဝါ ငါး၊ ပုစွန်၊ လိပ်၊ ရေလှိုင်းတွေခဲ ထွက် . . ဟီး ဟီး ဟီး"

နင်းနင်းသည် တစ်သက်နှင့်တစ်ကိုယ် မကြားဘူး၊ မမြင် ဘူးချေသည့် ချောက်ချားဖွယ်အသံများနှင့် ကြောက်ခမန်းလိလိ မြင်ကွင်းတို့ကြောင့် ခဏမျှ ကြက်သေ,သေကာ ထိုမြင်ကွင်းအပေါ် ပြူးပြဲ ကြည့်နေမိပေသေးသည်။

အမှတ်မထင် မြင်တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် နင်း နင်းတစ်ကိုယ်လုံးမှာလည်း "နတ်ဝင်သည်" လို တဆတ်ဆတ် တုန် လာသည်။ လိပ်ပြာများပင် လွင့်စင်ကျကာ ဒူးများပင် ညွတ်ချေ လာသည်။

ထိုစဉ် အိမ်အမိုးအောက် ထုပ်တန်းပေါ်မှ ကြိုးချင်းကျ နေ၊ ကြိတ်နေသည့် အသံလိုလို၊ တကျိကျိမြည်သည့် ထူးဆန်း သည့်အသံကြောင့် နင်းနင်းသည် ထုပ်တန်းပေါ်သို့ ကြောက်လန့် တကြား မော့ကြည့်လိုက်မိသည်။

"ဒအောင်မလေး . . သ . . သရဲ . . သရဲ၊ အမေ့ . . ထုပ်တန်း ပေါ်မှာ ပုဆိုးတန်းလန်းနဲ့ သ . . သရဲ၊ ထုပ်တန်းပေါ်မှာ တွဲ . . တွဲ လောင်းကြီး"

နင်းနင်းသည် ထုပ်တန်းပေါ်မှ ဦးခေါင်း ဖောက်ထိုးကျကာ လျှာတွဲလောင်း မျက်လုံးအပြူးသားဖြင့် တစ်ပတ်လည်နေသည့် အလောင်းကောင်ကြီးအား ကြောက်ခမန်းလိလိ တွေ့လိုက်ရသဖြင့် သူ့မိခင်ရှိရာ ဘုရားခန်းဘက်သို့ ဒရောသောပါးပြေးရင်း ခလုတ် တိုက်လဲလေတော့၏။

နာတာရှည် လူမမာမိခင်ကြီးသည် တိတ်ဆိတ်သည့် မည်း မှောင်သောညတွင် ချောက်ချောက်ချားချား အော်လိုက်သည့် သမီး ဖြစ်သူအသံကြောင့် ဖျတ်ခနဲ လန့်နိုးလာသည်။

"ဟဲ့ . . ဟဲ့ နင်းနင်းလား၊ သမီး ဘာ . . ဘာဖြစ်တာလဲ အထိတ်တလန့်ကွယ်"

မိခင်ကြီးမှာ သမီးဖြစ်သူ နင်းနင်း၏အသံ ထပ်မံ မကြားရ


www.burmeseclassic.com

www.burmeseclassic.com



မှ ပြူးကျယ်ကျယ်ထွက်ကျလာသည့် ကြောက်မက်ဖွယ် မျက်လုံးရဲကြီးကြောင့် လည်းကောင်း၊ နင်းနင်းခများမှာ ကြောက်လွှန်လွန်း၍ ညရောက်လာမှာကိုပင် စိုးရွံ့နေမိပေသည်။

"အမေ ထ . . ထ၊ အဖေရောက်လာတယ်လေ . . သမီးတို့ကို နှိုးပြီး သမီးကြိုက်တဲ့ မုန့်သိုင်းမြုံ ကျွေးသေးတယ် အမေရဲ့ . . ၊ အင်း အဖေ့မုန့်သိုင်းမြုံက အုန်းသီးနိုင်းချင်း၊ သကြားများများနဲ့ စားလို့ ကောင်းမှကောင်း"

တစ်ညတွင် ဖြစ်သည်။ တစ်ရေးနိုးလာသည့် သမီးကြီးသည် အိပ်မှုံစုံမွှားဖြင့် မျက်လုံးနှစ်လုံးကိုပွတ်ကာ မိခင်ဖြစ်သူ နင်းနင်းအား တိုင်တည်ပြီးပြောလာပါသည်။

"ဟင်! . . နင့်အဖေကို တွေ့တယ်ဟုတ်လား။ ဘယ်နားမှာလဲ။ နင့်အဖေက ဘယ်လိုပုံလဲ"

"ဟာ! . . အမေကလည်း အဲဖေက အဖေ့ပုံပဲပေါ့။ ခါတိုင်းလိုပဲ အဖေက သမီးကိုပြုံးပြီး မုန့်တွေ ခွံ့ကျွေးနေတာပေါ့"

နင်းနင်းသည် သမီးစကားကို ကြားလိုက်ရသဖြင့် အလွန်အမင်း အံ့ဩတုန်လှုပ်သွားသည်။

"ဟင်း . . မသာကြီး၊ ငါ့ကျတော့ သေလောက်အောင်ခြောက်ပြပြီး သူ့သမီးကျတော့ ပင်ကိုယ်ရုပ်နဲ့ ပြုံးလို့ပျော်လို့တဲ့"

တစ်ခါကလည်း နင်းနင်းသည် ညမနက်ချက်ထားသည့် အမဲသားဟင်းအိုးအား ညစာစားပြီးချိန် ခုံပိုင်းပေါ်တွင် အုပ်ဆောင်းနှင့်အုပ်ထားပြီးသကာလ၊ မိသားစုနှင့်အတူ အိပ်ရာဝင်လိုက်၏။

သက်ကြီးခေါင်းချချိန်။ သန်းခေါင်ယံမတိုင်မီ မီးဖိုချောင်ဘက်မှ တချွတ်ချွတ်ဖြင့် အိုးလှန်ခွက်လှန်သံ။ အုပ်ဆောင်းလှုပ်နေသံကြား၍ နင်းနင်းစိတ်မှာ ကျော်မောင်အား သတိမရမိဘဲ ကြောင်များ လာသောင်းကျန်းနေသည်အမှတ်ဖြင့် ထဘီပြင်ဝတ်ကာ မီးဖိုချောင်ဘက်သို့ အိပ်ချင်မူးတူးဖြင့် ထကြည့်လိုက်သည်။

သူမလက်ထဲတွင် အသင့်ယူလာသည့် လက်နှိပ်ဓာတ်မီးဖြင့် အသံလာရာ ထမင်းစားခုံပိုင်းဘက်သို့ ထိုးကြည့်မိလျက်သား



www.burmeseclassic.com

www.burmeseclassic.com



လေခြင်းအတွက် ပတ်ဝန်းကျင်၏မေးငေါ့၊ အမနာပစကားတို့ဖြင့် အတင်းအဖျင်းပြောခြင်းကို ခံရလေသည်။

တစ်ညတွင် နှင်းနှင်းတို့ ပူပူနွေးနွေးလင်မယား မိုးအေးအေးဖြင့် နစ်ယောက်သား ပွေ့ဖက်ပြီး အချစ်ပလူးပြီးနောက် ခဏအကြာတွင် ကြောက်လန့်တကြား ဟစ်အော်သံနှင့်အတူ ဖိုးခွေးတစ်ယောက် ခုတင်ပေါ်မှ ကျလေ၏ ။

"ဟဲ့ . . ဖိုးခွေး . . ဘာ . . ဘာဖြစ်တာလဲ . . ငါ့နယ်နော် . . လန့်လိုက်တာ . . လိပ်ပြာလွင့်မတတ်ဘဲ"

"ငါ . . ငါ့ကို ဘာကောင်မှန်း မသိတဲ့ဟာကြီးက ဆွဲ . . ဆွဲချလိုက်တယ်။ ငါလှမ်းကြည့်လိုက်တော့ အမွေးထူလဗျစ်ကြီးနဲ့ဟာ . . လက် . . လက်ကလည်း မည်းမည်းကြီးမှ တကယ့် မည်းမည်းကြီး။ မျက်နှာမှာလည်း လျှာတန်းလန်း . . မျက်လုံးပြူးကြီးနဲ့ သ . . သရဲကြီး"

ထိုညက သရဲကြီးသည် နှင်းနှင်းအား ကိုယ်ရောင်မပြသော်လည်း ထုပ်တန်းပေါ်မှနေ၍ ချောက်ချားတုန်ရီဖွယ် အသံများနှင့်တော့ ချောက်လှန့်နေပေသေးသည်။

"ဟား . . ဟား . . ဟား . . ချောက်မထားတဲ့ ကောင်မ၊ ကမြင်းကြောထလို့မှ အားမရနိုင်သေးဘဲ နောက်လင်တစ်ယောက် တောင် ကောက်ယူလိုက်သေး။ ဟား . . ဟား . . ဟား။ နင် အသက်ရှင်နေသရွေ့ နင့်ကို ကောင်းကောင်းကြီး လက်စားချေပြမယ်။ နင့်လင်တွေကိုလည်း ချမ်းသာမပေးဘူး . . မှတ်ထား . . ဟီး ဟီး ဟီး"

ထုပ်တန်းပေါ်မှ အံကြိတ်သံ၊ ကြိုးကျစ်သံ၊ တဂစ်ဂစ်နှင့်အတူ အသံနက်၊ အသံဩကြီးဖြင့် ဟားတိုက်ရယ်မော အက်ရှသံတို့ကြောင့် ထိုညက နှင်းနှင်းနှင့် ဖိုးခွေးတို့သည် ခေါင်းပင်မဖော်နိုင်တော့ဘဲ စောင်ခေါင်းမြီး ခြုံနေသည့်ကြားမှာပင် တဆတ်ဆတ် တုန်နေကြတော့သည်။

❖



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





။

**တစ္ဆေမိသားစုမှာ ဤဒေသ ဇာတိမဟုတ်ပေ။ သမီးလှကျွန်းရွာရှိ ဆွေမျိုးများထံ အလည်အပတ် ရောက်နေစဉ် ရေနစ် သေဆုံးခဲ့သည်ဟု သိရသည်။**

ယခုနှစ် နွေရာသီမှာ ပို၍ပူသည်ဟု ထင်ရသည်။ တန်ခူးလ အခါဖြစ်ပြီး ကောင်းကင်ထက်တွင် မိုးတိမ်များရှိနေသော်လည်း သင်္ကြန်လက်ဆောင်မိုးပင် မရွာသေးပါ။ ကျွန်တော်တို့အိမ်မှာ မြစ်ကမ်းနှင့် မလှမ်းမကမ်းတွင် တည်ရှိသည်။

ထိုမြစ်မှာ ရေစီးသန်သော သံလွင်မြစ်ပင်ဖြစ်သည်။ ကျွန်တော်က သံလွင်မြစ်ကမ်းတွင်တည်ရှိသော သမီးလှကျွန်းရွာ ဇာတိဖြစ်သည်။ သည်ရွာတွင်ပင် ကျွန်တော့်ကိုမွေးဖွားခဲ့သည်။

ကျောင်းနေချိန်အရွယ် ရွာရှိ မူလတန်းကျောင်းတွင်ပင် ပညာသင်ကြားခဲ့ရသည်။ ကျွန်တော် စတုတ္ထတန်းအောင်ပြီး အလယ်တန်း ကျောင်းသားဖြစ်ချိန်တွင် မိဘများက မော်လမြိုင်မြို့သို့ပို့ပြီး ကျောင်းတက်စေခဲ့သည်။

မော်လမြိုင်မြို့တွင် ကျွန်တော့်အဒေါ် ရှိသည်။ အဒေါ်ဖြစ်သူ နေအိမ်မှ ကျောင်းတက်ရသည်။ ကျွန်တော်က ဘားအံတွင်သာ ကျောင်း ဆက်တက်လိုသော်လည်း မိဘများက အမြင်ကျယ်စေရန် မော်လမြိုင်မြို့သို့ ပို့ထားခဲ့သည်။

နွေရာသီ ကျောင်းရက်ရှည်ပိတ်မှ ရွာသို့ ပြန်ခွင့်ရသည်။ တစ်နှစ်တစ်ခေါက်သာ နွေရာသီကျောင်းပိတ်မှ ရွာသို့ ပြန်ခွင့်ရ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ သမီးလှကျွန်းရွာ မြစ်ကမ်းပါးမြေပြိုပြီး ရွာသုံးပုံတစ်ပုံခန့် ပျောက်ခဲ့ရသည်။ မြေပြိုပြီးတိုင်း ရွာအထက်ပိုင်းသို့ ပြောင်းရွှေ့ခဲ့ရသည်။ အထက်ပိုင်းရွာသို့ ပြောင်းရွှေ့ပြီးမှ ကျွန်တော့်ကို မွေးဖွားခဲ့သည်ဟု သိရသည်။

မြစ်ကမ်းမြေပြိုပြီး အထက်ပိုင်း တူးမြောင်းရှိရာဘက်သို့ ပြောင်းရွှေ့ပြီး ရွာတည်ခဲ့သည်ဟုလည်း သိရသည်။ ကျွန်တော်တို့ဒေသသည် ရေစီးသန်သော သံလွင်မြစ်ကမ်းတွင် တည်ရှိသည့်ရွာဖြစ်သည်။

တစ်ခါတရံ မြစ်ကမ်းမြေပြို၍ ရွာတစ်ဝက်နီးပါး ပျောက်ခဲ့သည့်အဖြစ်နှင့်လည်း ကြုံရတတ်သည်။ ကျွန်တော်တို့ သမီးလှကျွန်းရွာနှင့် ကပ်လျက်ရှိသည့် ထုံးအိုင်ရွာသည်လည်း ကမ်းပြိုသည့်အထဲပါသွားပြီး အပေါ်ဘက်ရွှေ့၍ ရွာသစ်တည်ခဲ့ရသည်။

ဇအွန်ရွာဆိုလျှင် မြစ်ကမ်းမြေပြိုရာတွင် ရွာလုံးပျောက်ခဲ့သည်။ ကျွန်တော်တို့ သမီးလှကျွန်းရွာ အရှေ့ဘက်တွင် မော်ဘီရွာ၊ လက်ပံကျွန်းရွာများ ရှိသည်။

ထိုရွာများက မြစ်ကမ်းနှင့်ဝေးကာ အတွင်းပိုင်းကျ၍ မြေပြိုမှုကင်းဝေးသောရွာများ ဖြစ်သည်။ မြစ်ကမ်းမြေမပြိုမီ တဝေါဝေါနှင့် အသံများကြားရသည်။ ထိုအသံကြားရသည်နှင့် အသက်လု၍ အတွင်းပိုင်း ကုန်းတွင်းဘက်သို့ ကိုယ်လွတ်ပြေးကြရသည်။

စိတ်ချရသည့်နေရာသို့ ရောက်ပြီး နောက်ပြန်လှည့်ကြည့်ချိန်တွင် နေအိမ်တဲများ မြေပြိုရာပါသွားပြီး မြစ်အတွင်း မျောပါသွားသည်ကို ထိနိုက်ကြေကွဲဖွယ်တွေ့ရသည်။

မြစ်ကမ်းမြေပြိုမှုနှင့်အတူ ရေစီးကြောင်းများလည်း ပြောင်းလဲလာတတ်သည်။ မြစ်လယ်တွင် မြေနုကျွန်းများ အလျှိုအလျှို ပေါ်လာသည်။ သောင်ထွန်းရာမှ မြေနုကျွန်းများပေါ်လာသည်။ ထိုမြေနုကျွန်းများသည် မြေဩဇာကောင်းမွန်လှ၍ စိုက်ပျိုးမှုဖြစ်ထွန်းအောင်မြင်ခဲ့သည်။

ဤကုက္ကိုပင်ကြီးကိုမှီပြီး ကျွန်တော် တွေးနေမိသည်။ ဤ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရွာလယ်ပိုင်းကျောင်းမှ ဖြစ်ပုံရသည်။ ကိုရင်များမှာ ဆယ်နှစ်ကျော်အရွယ်များ ဖြစ်သည်။ အပေါ်ရုံ သင်္ကန်းများချွတ်ပြီး မြစ်အတွင်း ပျော်ရွှင်စွာ ရေဆင်းကူးနေကြသည်။

ရေကူးကျွမ်းကျင်သူများ ဖြစ်ဟန်တူသည်။ ရေကူးလိုက်၊ ရေငုပ်လိုက်နှင့် ဆော့ကစားနေကြသည်။ တစ်ဦးနှင့်တစ်ဦး နောက်ပြောင် အော်ဟစ်ဆူညံနေတော့သည်။ သူတို့ ပြောစကားများလည်း ကျွန်တော်ကြားနေရသည်။

"တို့ကို ဦးဇင်းကြီးပြောလိုက်တယ်။ အဘွားနတ်စင်နေရာ တည့်တည့်မှာ ရေမကူးနဲ့တဲ့ . . အဘွားနတ်စင်ဆိုတာ ဘာလဲ၊ ပြီးတော့ ဘယ်မှာလဲ။ ဘာနတ်စင်မှလည်း မတွေ့ဘူး"

"တို့တော်ကြရင် ကောင်းမယ် . . တို့နဲ့အတူ မြို့က ရှင်လာပြုတဲ့ ကိုရင်တွေ ပါလာတယ်။ သူတို့ကို ရေမကူးဖို့ပြောပါဆိုပြီး ဦးဇင်းကြီး မှာထားတယ်လေ။ ခုတော့ အာဂန္တုကိုရင်တွေ ရေကူးနေကြတယ်။ ပြောလို့လည်း မရဘူး"

"ခဏနေပြီး ပြန်ကြမှာပဲ၊ ဦးဇင်းကြီး မသိနိုင်ပါဘူး။ ကိုရင်ပြန်မပြောနဲ့နော်"

"ဦးဇင်းကြီး သိသွားလို့ကတော့ ကြိမ်တုတ်စာမိပြီလို့ မှတ်ပေတော့ . . ကိုရင်လည်း နှုတ်လုံနော်"

စကားပြောနေသော ကိုရင်ကြီးနှစ်ပါးမှာ ရွာခံကိုရင်များ ဖြစ်သည်။ ရွာထဲဆွမ်းခံကြွလာသည်ကို ကျွန်တော်မြင်ဖူးသည်။ သူတို့နှင့်အတူ အာဂန္တုကိုရင်များလည်း ပါလာသည်ကို သူတို့ပြောစကားများအရ သိနေရသည်။

အာဂန္တုကိုရင်များမှ ခုနစ်ရက်ပြည့်ပြီးသည်နှင့် လူဝတ်လဲကြမည်ဖြစ်သည်။ တစ်ယောက်တစ်ပေါက် ဆူညံစွာ ပြောဆိုရင်း ရေကူးဆော့ကစားနေကြသည်။ ထိုစဉ်မှာပင် ဦးဇင်းကြီးတစ်ပါး ကြိမ်တုတ်တစ်ချောင်း ကိုင်လျက် မြစ်ကမ်းစပ်သို့ ရောက်လာသည်။

"ကိုရင်အားလုံး ကမ်းပေါ်တက်ခဲ့ကြစမ်း။ ဒီနေရာမှာမှ ရေလာကူးရတယ်လို့ကွာ . . ဒီနေရာမှာ ရေမကူးနဲ့လို့ မှာထားတယ်



www.burmeseclassic.com

www.burmeseclassic.com



ချည့်သည်မြေးအဘွားနှစ်ယောက် ရေနစ်သေ၍ နတ်စင်ဆောက်ထားသည်ဆိုသော်လည်း မည်သည့်နတ်စင်မျှ မတွေ့ရပေ။ အဘွားနတ်စင်ဟူသော အမည်ကိုတော့ ကြားဖူးရုံသာ ကြားဖူးခဲ့သည်။ ယခု ဦးဇင်းကြီးပြောသွားတော့မှ ဤနေရာဖြစ်သည်ကို သိရတော့သည်။

❖

ကျွန်တော်က မော်လမြိုင်တွင်သာ အနေကြာ၍ ကိုယ့်ရွာအကြောင်းပင် ကောင်းကောင်းမသိတော့ပေ။ အဘွားနတ်စင်အကြောင်းကို သိချင်လာသည်။ ကျွန်တော့်မိဘများ သိမည်ထင်သည်။ တစ္ဆေမိသားစု ရှိနေသည်ဆိုသော ကုက္ကိုပင်ကြီးအောက်မှ အိမ်သို့ပြန်လာခဲ့သည်။ အိမ်ပေါ် ရောက်ရောက်ချင်းပင် အဖေ့ကို မေးကြည့်လိုက်သည်။

"အဖေ . . အဲဒီကုက္ကိုပင်ကြီးနားမှာ အဘွားနတ်စင်ဆိုတာ ရှိခဲ့တယ်ဆို၊ ဘာမှလည်း မတွေ့ပါလား"

"သားက မော်လမြိုင်မှာ အနေများတော့ အဘွားနတ်စင်အကြောင်း ဘယ်သိပါ့မလဲ။ သားပြောတဲ့နေရာမှာ ဟိုးအရင်က . . နတ်စင်လေးတစ်ခု ရှိခဲ့တယ်။ ခုတော့ . . မြစ်ကမ်းမြေပြိုလို့ မရှိတော့ပါဘူး။ ဒါကြောင့် သား ဘာမှ မတွေ့တော့တာပေါ့။

"သားမသိသေးတော့ ပြောရမှာပေါ့ . . အဘွားနတ်စင်အကြောင်းက ဒီလိုသားရဲ့ . . သားငယ်ငယ်တုန်းက ထင်တယ်။ မော်လမြိုင်ဘက်က မြေးအဘွားနှစ်ယောက်၊ အဖေတို့ သမီးလုကျွန်းရွာ အလည်ရောက်လာတယ်။

အဘွားက အသက်ခုနစ်ဆယ်ကျော်လောက် ရှိမယ်ထင်တယ်။ မြေးယောက်ျားလေးက အသက်နှစ်ဆယ်ဝန်းကျင် အရွယ်ပေါ့။ ရွာကိုရောက်လာတော့ အပေါင်းအသင်းတွေနဲ့ ဝိုင်းဖွဲ့ပျော်ပါး သောက်စားကြတယ်။

မြေးဦးဆိုတော့ အဘွားဖြစ်သူက တော်တော်ချစ်တာတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သေတော့ အဘွားဖြစ်သူရဲ့သတ္တိနဲ့ မြေးအပေါ်ထားတဲ့ မေတ္တာကို သိလာကြတယ်။ ဘယ်သူကစလိုက်တယ် မသိဘူး။ အဲဒီနေရာမှာ နတ်စင်တစ်ခု ဆောက်လိုက်ကြတယ်"

"အဲဒီနတ်စင်ဟာ အဘွားနတ်စင်လို့ အမည်တွင်ခဲ့တယ်။ အဘွားဖြစ်သူက မြေးကို တမ်းတစွဲလန်းစိတ်နဲ့ မကျွတ်မလွတ်ဘဲ အဲဒီနတ်စင်မှာ ရှိနေတယ်တဲ့။ ညနေမှောင်စပျိုးတာနဲ့ ခြောက်လှန့်တတ်တယ်တဲ့"

"အထူးသဖြင့် အရက်ပုလင်းကိုင်ပြီး ဒီနားကဖြတ်သွားရင် အရက်ပုလင်းကို လိုက်ဆွဲတတ်တယ်တဲ့။ အရက်မူးသမားတွေ ဖြတ်သွားရင်လည်း ခြောက်လှန့်လေ့ရှိတယ်။ ရေနစ်သေသွားတဲ့ မြေးက အရက်မူးပြီး သေသွားခဲ့ရတယ် မဟုတ်လား"

"ဒါနဲ့ ဒီသတင်းတွေက တဖြည်းဖြည်းနဲ့ ပျံ့နှံ့သွားတယ်။ လွန်ခဲ့တဲ့ဆယ်နှစ်လောက်က အဲဒီကမ်းပါးမြေပြိုခဲ့သေးတယ်။ မြေပြိုရာမှ အဘွားနတ်စင်လည်း ရေထဲပါသွားတယ်"

"အဘွားနတ်စင် ရေထဲ မျောပါသွားပြီးနောက်ပိုင်း ခြောက်လှန့်တာတွေလည်း ရေထဲပါသွားပြီတဲ့ . . ဒီအကြောင်းတွေ ရှေ့မီးနောက်မီ လူကြီးတွေလောက်ပဲ သိကြတော့တာ"

"ဟုတ်တယ် . . စောစောက သားသွားထိုင်နေတဲ့ ကုက္ကိုပင်ကြီးပေါ့။ သူတို့မိသားစုလေးယောက်လည်း ဒီရွာခံတွေ မဟုတ်ကြဘူး။ ရွာကို အလည်လာကြရင်း ကလေးနှစ်ယောက် ရေဆင်းကူးကြတယ်။

ကလေးနှစ်ယောက်လုံး ရေနစ်တော့ မိဘနှစ်ဦးက ဆင်းဆယ်တယ်လေ။ အဲဒီမှာ မိသားစုလေးယောက်လုံး ရေနစ်သေဆုံးခဲ့ကြတာကွဲ့။

မကျွတ်မလွတ်ဘဲ သူတို့ရဲ့ဝိညာဉ်တွေ အဲဒီကုက္ကိုပင်ကြီးမှာ ရှိနေတာတဲ့ . .။ အဖိတ်၊ လပြည့်ညများမှာ အဲဒီမိသားစု မျှော်ပါးဆော့ကစားနေကြတာ လရောင်နဲ့ တွေ့ကြရတာတဲ့ . .။

လူအတော်များများလည်း တွေ့ခဲ့ကြတယ်။ သားအမေ



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း မိုးက အုံ့မှိုင်းနေသည်။ အဖိတ်နေ့ည လရောင်မှာ တိမ်ကြားတွင် မလင်းတစ်ချက်၊ လ ...စ်ချက်ဖြစ်နေသည်။ တိမ်များက လေနှင်ရာ ရွေ့လျားနေသည်။ ကျွန်တော်နှင့်အမေ မုန့်လုပ်နေစဉ် အိမ်ရှေ့မှ အဖေနှင့်အမေတို့၏အမည်များ ခေါ်သံကြားလိုက်ရသည်။ ခေါ်သံက အလောတကြီးဖြစ်နေသည်။

"ဟေ့ . . အိမ်ပေါ်မှာ ကွန်ပါတို့ . . မအုန်းကြူတို့ ရှိတယ်မဟုတ်လား။ အရှေ့ရွာ မြစ်ကမ်းပြိုနေတယ်။ ဒီ့ဘက်ရောက်လာနိုင်တယ်။ သတိသာထားနေကြ . . ရွာအနောက်ဘက် သွားပြောလိုက်ဦးမယ်"

ခေါ်သံကြောင့် အမေက အိမ်ရှေ့သို့ အပြေးလေးထွက်သွားသည်။

"ကြားပါတယ် အစ်ကိုလှဖေ . . ကျေးဇူးတင်ပါတယ်"

ရွာခံလူကြီး ဦးလှဖေဆိုသူက အရှေ့ရွာမြစ်ကမ်းပါး ပြိုနေသည်ကို လာရောက်သတင်းပေးခြင်း ဖြစ်သည်။ အမေက ပျာပျာသလဲ အိမ်ထဲသို့ပြေးဝင်သွားသည်။

"ကိုကွန်ပါ လုပ်ပါဦး၊ အရှေ့ရွာမြစ်ကမ်း မြေပြိုနေတယ်တဲ့။ ဒီဘက် ရောက်လာမယ်ထင်တယ်။ မုန့်တွေ ထားလိုက်တော့မယ်။ ဟဲ့ . . သား အမေ့ဆီလာစမ်း"

ပြောပြောဆိုဆို အမေက ကျွန်တော့လက်ကိုဆွဲကာ အိမ်နောက်ဘက်သို့ အပြေးထွက်လာသည်။ ကျွန်တော်တို့အိမ်မှာ မြစ်ကမ်းပါးနှင့် နီးသောနေရာတွင်ရှိသည်။

ကျွန်တော် ငယ်စဉ်က မြေပြိုမှုနှင့် ကြုံခဲ့ဖူးသည်။ ယခု အရှေ့ဘက်ရွာ မြေပြိုသည်ဟု သိရသည်။ ကျွန်တော်တို့ အိမ်အနောက်ဘက် မြေပြင်ပေါ်သို့ရောက်ပြီး မကြာမီ အဖေက လက်ဆွဲအိတ်နှစ်လုံးဆွဲပြီး အိမ်ပေါ်မှ ဆင်းလာသည်။

"ကိုကွန်ပါ ဘာလုပ်နေတာလဲ . . မြေပြိုရင် မလွတ်ဘဲဖြစ်နေဦးမယ်"

"တို့အိမ်ဘက်ထိတော့ မြေပြိုမယ်မထင်ဘူး။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် ဝုန်းဝုန်းဆိုသည့်အသံများ ပိုမိုကျယ်လောင်လာပြီး ကုက္ကိုပင်ကြီး တဖြည်းဖြည်း မြစ်ထဲသို့ ပြိုလဲကျနေ သည်။ ထို့နောက် ဝုန်းဆိုသည့် ကျယ်လောင်လှသည့် အသံကြီးနှင့်အတူ ကုက္ကိုပင်ကြီး မြေပြိုမှုကြောင့် မြစ်ထဲသို့ ပြိုကျသွားသည်။

"ကုက္ကိုပင်ကြီး မြစ်ထဲ ပြိုကျသွားပြီ။ မြေပြိုရာမှာ ပါသွားပြီ။ ဟာ! . . ကမ်းပေါ်မှာ ကြည့်ကြပါဦး"

တစ်စုံတစ်ယောက်အော်သံကြောင့် ကျွန်တော်တို့ကုက္ကိုပင်ကြီးဆီသို့ ကြည့်လိုက်ကြသည်။ မည်းမည်းသဏ္ဌာန်နှစ်ခု ရင်ခွင်တွင် တစ်ခုစု ပွေ့ပိုက်ထားလျက် အပေါ်ပိုင်း လယ်ကွင်းဘက်ဆီသို့ တရွေ့ရွေ့လှုပ်ရှားသွားသည်ကို မယုံနိုင်ဖွယ်ရာ တွေ့လိုက်ရသည်။

"ကုက္ကိုပင်ကြီးပေါ်က တစ္ဆေမိသားစု ထင်တယ်။ လယ်ကွင်းတွေဘက်ဆီ ပြေးသွားနေပါလား"

"အေး . . ဟုတ်တယ်။ ကုက္ကိုပင်မှာနေတဲ့ တစ္ဆေတွေပဲ ဖြစ်မှာပါ"

"တို့တွေရှိနေတဲ့ဘက်မလာလို့ တော်သေးတာပေါ့"

တစ်ယောက်တစ်ပေါက် ဆူညံစွာ ပြောဆိုနေကြ၊ ထင်ကြေးပေးနေကြသည်။ ကျွန်တော့်တစ်သက် မတွေ့ဖူး၊ မကြုံဖူးသော အတွေ့အကြုံနှင့် မြင်ကွင်းများပင်ဖြစ်သည်။ မည်းမည်းသဏ္ဌာန်နှစ်ခု ကျွန်တော်တို့နှင့်ဝေးရာ လယ်ကွင်းပြင်ဘက်သို့ တရွေ့ရွေ့သွားနေသည်ကို လရောင်ဖြင့် မြင်တွေ့နေရသည်။

"အဘွားနတ်စင်ရှိတုန်းက တစ္ဆေခြောက်ခဲ့တယ်။ အမူးသမား၊ အရက်သမားတွေ ပုလင်းကိုင်ပြီး ဖြတ်သွားရင် ခြောက်လှန့်ခဲ့တယ်။ မြစ်ကမ်းပါးမြေပြိုပြီး အဘွားနတ်စင် ရေထဲပါသွားပြီးတဲ့နောက်ပိုင်း ခြောက်လှန့်တာ မကြားရတော့ဘူး"

"ဘယ်ခြောက်တော့မလဲ . . နတ်စင်နဲ့အတူ အဘွားကပါ မြစ်ထဲပါသွားလို့ဖြစ်မှာပေါ့"

"ခုလည်း ကုက္ကိုပင်ကြီး ကမ်းပြိုရာမှာ ပါသွားပေမယ့် တစ္ဆေမိသားစုက လယ်ကွင်းတွေဘက်သွားတာ တွေ့လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





## ၂။

**နံကရိုင်းကျွဲမက
မိမိ၏ဦးချို၌ ဇမ္ဗူရစ်
ရွှေစင်ကိန်းဝပ်နေသောကြောင့်
အလျှင်အမြန် ခေါင်းဖြတ်၍
မေခလာနတ်သမီးထံ
တင်မြှောက်ပသရန်
တိုက်တွန်းပြောကြားလေသည်။**

နင်းများဝေနေသည့် ဒီဇင်ဘာ နံနက်ခင်းတွင် . .

ကျွန်မတို့အုပ်စုသည် ပဲခူးမြို့သို့ ထွက်ခွာလာခဲ့ပါသည်။ ရှေးဦးစွာ ရွှေမော်ဓောစေတီတော်ကြီးကို ရောက်ရှိခဲ့သည်။ ရွှေမော်ဓော စေတီတော်ကြီးအား လှည့်လည် ဖူးမြော်ပြီးနောက် ဟသ်ာကုန်းသို့ စေတီတော်ကြီး၏ တောင်ဘက်လမ်းမှ ခြေလျင်သွားခဲ့ကြသည်။

ယခင်က ဟသ်ာကုန်းသို့သွားရာ ကားဖြင့်သာ သွားဖူးသည်။ ခြေလျင်လမ်းကို တစ်ခါမျှ မသွားဘူးပေ။ တစ်လမ်းလုံး ကားစီးလာရသဖြင့် ခြေလျင်လမ်းဖြင့် သွားလိုသည့်အတွက် လူသွားလမ်းလေး အတိုင်း ခြေလျင်လျှောက်လာခဲ့သည်။

ဤတွင် ကျွန်မတို့အုပ်စုခေါင်းဆောင် ဒေါ်ဝင်းမေက -

"ဟသ်ာကုန်းမှာ ဟသ်ာကုန်းဘုရား ရှိတယ်။ အဲဒီနေရာဟာ ထူးခြားမှုနှစ်ခုရှိတယ်။

"ပြောပါဦး . . အစ်မကြီး"

"တစ်ခုကတော့ . . ဟိုးအရင် နှစ်ပေါင်းများစွာတုန်းက ဒီနေရာဟာ ရေအတိရှိခဲ့တဲ့နေရာပေါ့။ ဟသ်ာကုန်းလို့ခေါ်တဲ့ ကုန်းကလေးတစ်ခုသာ ရှိခဲ့တယ်။ အဲဒီကုန်းလေးက ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



ဒေသလည်း ကွဲပြားပါသည်။

မုတ္တမ၌ မွန်တိ

ဒလ၌ မွန်ည

ပဲခူး၌ မွန်စ ဟူ၍ မွန်လူမျိုး အသီးသီးနေထိုင်ခဲ့သည်။

မုတ္တမအပါအဝင်ဖြစ်သော သုဓမ္မပူရ သုဝဏ္ဏဘုမ္မိခေါ် သထုံပြည်၌နေထိုင်သော မွန်တိလူမျိုး သမလကုမ္မာမင်းသား ညီနောင်သည် သထုံပြည်၌ ဆက်နေပါသော်လည်း မင်းစည်းစိမ် မရနိုင်မှန်းသိသဖြင့် နယ်မြေသစ်ရှာရန် သထုံပြည်မှ ထွက်ခွာလာခဲ့သည်။

ထိုအခါ သမလကုမ္မာမင်းသားကို သိကြားမင်းစောင်မ၍ မွန်ဘာသာဖြင့် "ကပိထော်"၊ မြန်မာလို "ရွှေဖယုံမယ်"ဟု အမည်ရသော ကောင်းခြင်းငါးဖြာ လက္ခဏာကြီးငယ်နှင့် ပြည့်စုံသည့် မိန်းမငယ်အား "အဂ္ဂမဟေသီထိုက်ခွမီ" မိဖုရားခေါင်ကြီးဘွဲ့အမည်ပေးကာ "ဟံသာပဗ္ဗတတောင်"ကို "ဟံသာဝတီ"ဟု သမုတ်ကာ ထီးသစ်နန်းသစ်တည်ခဲ့သည်။

ထို့နောက် သိကြားမင်းသည် မင်းနှင့်မိဖုရားကို လက်ဝဲ၊ လက်ယာထား၍ လက်တစ်ဖက်စီဆွဲကာ ဘိသိက်သွန်းမြောက်ပြီး ထီးနန်းကို အပ်နှင်းခဲ့သည်။

သာသနာတော် (၁၃၆၉)ခုနှစ်၊ သက္ကရာဇ် (၁၈၇)ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁)ရက်၊ တနင်္လာနေ့တွင် သမလကုမ္မာမင်းကြီးသည် ဟံသာဝတီထီးနန်းကို စိုးစံခဲ့ပါသည်။

(ဤသည်မှာ ကလျာဏီကျောက်စာတော်ဖြစ်သည်။) နောက်မှုကွဲတစ်မျိုးကား ဘိုးတော်ဝဏ္ဏသရိယ (ခေါ်) ဦးထွန်းကြည်၏ မှုဖြစ်ပါသည်။

မုတ္တမနယ်မှဆင်းသက်လာသော မွန်တိလူမျိုး သမလကုမ္မာမင်းသားနှင့် ဝိမလကုမ္မာမင်းသားတို့သည် နယ်မြေသစ်ရှာရာ ဟံသာဝတီ ပဲခူးနေပြည်တော်နေရာကို တွေ့ရှိပြီး နှစ်သက်သဖြင့် သမလမင်း၊ ဝိမလမင်းအဖြစ် ထီးနန်းစိုက်ထူ စိုးစံတော်မူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သည် မိမိတွင် -

နတ်တမျှ ချောမောလှပသည့် ရွှေဖရုံပွင့်တွင် သန္ဓေတည်သူ သမီးကညာတစ်ယောက်ရှိကြောင်း မှူးကြီးမတ်ရာ သေနာပတိတို့ကိုပြောပြပြီး မင်းကြီးသဘောကျပါက တော်ကောက်ကာ မိဖုရားမြှောက်သိမ်းပိုက်ရန် လျှောက်တင်လေသည်။

မင်းကြီးသည် မဲအိုလောင်းလျှောက်တည့်အတိုင်း မင်းချင်းယောက်ျားများကို စေလွှတ်သောအခါ ထိုမိန်းကလေးသည် ကြောက်ရွံ့ပြီး ရွှေဖရုံသီးခြမ်းထဲသို့ ဝင်ရောက်ပုန်းနေလေသည်။

မင်းချင်းတို့လည်း ထိုမိန်းကလေးကို ဆောင်ကြဉ်း၍ သမလမင်းကြီးထံမှောက်သို့ ခေါ်ဆောင်ကာ ဆက်သလိုက်သည်။ ထိုအခါ မင်းကြီးသည် -

"ဒီသူငယ်မဟာ ရုပ်ဆင်းအင်္ဂါလက္ခဏာ လွန်စွာမှ ချောမောလှပါပေတယ်။ သူမကို "ကပိထော်"အမည်ဖြင့် တောင်ညာစံဒေဝီ အဂ္ဂမဟေသီအဖြစ် မြှောက်စားတော်မူမယ်"

ဟု အမိန့်ချမှတ်လိုက်သည်။ ကပိထော်ဆိုသည်မှာ မွန်ဘာသာစကားဖြင့် ရွှေဖရုံမယ်ဟု အဓိပ္ပာယ်ရသည့် တောင်ညာစံမိဖုရားကြီးနှင့်ပေါင်းဖက်ရာ သုံးနှစ်ခန့်အကြာတွင် -

"ရွှေဖရုံမယ် မိဖုရားကြီးမှ သားတော်လေးတစ်ပါး ဖွားမြင်ကြောင်းပါ . .ဘုရား"

မင်းကြီးလည်း သားတော်လေး ဖွားမြင်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့လေသည်။ ထိုအချိန်တွင် ဝိမလမင်းသားသည် ပညာစုံသဖြင့် ဟံသာဝတီနေပြည်တော်သို့ ပြန်လာခဲ့သည်။

ဝိမလမင်းသားသည် ဝမ်းသာအားရ ပြန်လာသော်လည်း သမလမင်းကြီးသည် မိဖုရားမှ သားတော်ကလေး မွေးဖွားသဖြင့် ၎င်းတို့ကိုသာ ဂရုစိုက်နေရသည့်အတွက် ညီတော်အပေါ်၌ လင်လျ ရှုကာ ဂရုမစိုက်ဘဲဖြစ်ချေသည်။

"အင်း . . ငါ့ရဲ့နောင်တော်ဟာ ငါပြန်လာတာတောင် ဂရုမစိုက်ဘဲ သူ့ရဲ့မိဖုရားနဲ့သားတော်ကိုသာ ဂရုစိုက်နေတယ်။ ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



နေပြည်တော်နှင့် အလွန်ဝေးသောအရပ်ရှိ ပျဉ်ပုံကြီးရွာ ကျွဲခြံပိုင်ရှင် ကရင်မကြီး "မိနံကလိုင်"၏ ကျွဲခြံဝ၌ စွန့်ပစ်ခဲ့သည်။

မူကွဲတစ်ခုမှာကား . .

(ဟံသာဝတီနှင့် သုဝဏ္ဏဘူမိ နှစ်ပြည်ထောင်အကြား ကွမ်အပ်သာတောစပ်သို့ သွားရောက်စွန့်ပစ်ထားခဲ့သည်။ ထို့ကြောင့် ထိုမင်းသားလေးကို ကွမ်အပ်သားဟု ခေါ်ဆိုကြသည်ဟု ဆိုပါသည်။ ကွမ်အပ်သာဆိုသည်မှာ မွန်စကားဖြစ်ပြီး နယ်စပ်ဟု အဓိပ္ပာယ်ရပါသည်။ )

နတ်ရွာစံသွားသည့် သမလမင်းကြီးသည် ရုက္ခစိုးနတ် ဖြစ်ကာ ယခင်ဘဝဟောင်းမှ သားတော်လေးအား ဘေးမသီရန်မခအောင် စောင့်ကြပ်ကြည့်ရှုခဲ့သည်ဟု ဆိုပါသည်။

ကွမ်အပ်သာတောအတွင်း မှီတင်းနေထိုင်သော နံကရိုင်းအမည်ရှိ ကျွဲမကြီးသည် ကလေးငယ်အား နို့ရျိုတိုက်ကျွေး၍ သားအရင်းကဲ့သို့ မွေးမြူစောင့်ရှောက်ခဲ့သည်ဟု ဆိုပါသည်။

ကရင်မကြီး၏ ကျွဲအုပ်အတွင်းမှ အဆင်းအင်္ဂါပြည့်စုံသော ကျွဲမကြီးကတွေ့ရှိ၍ ကလေးကိုနင်းမည်စိုးသောကြောင့် ခွာလေးဖက်ဖြင့် အုပ်ထားခဲ့သည်။

အခြားကျွဲများက အစာရှာသွားသော်လည်း ထိုကျွဲမကြီးမှာ အစာရှာမသွားဘဲ ကလေးကို စောင့်ရှောက်နေသည်။ ကရင်မကြီး မိနံကလိုင်မိသားစုက မွေးစားခဲ့သည်။ မွေးစားထားသည့် ကလေးကို ထိုကျွဲမကြီး၏နို့ဖြင့် တိုက်ကျွေးကာ ပြုစုစောင့်ရှောက်ခဲ့သည်။

ကျွဲမကြီးမှာ ထိုကလေးကို အလွန်ချစ်သည်။ ကလေးကလည်း ကျွဲမကြီးကိုချစ်ခင်ကာ ကြီးပြင်းလာသည်အထိ ကျွဲမကြီး သွားရာ တကောက်ကောက်လိုက်ရင်း ကျွဲအုပ်နှင့် အနေများလာခဲ့သည်။

ထို့ကြောင့် နောင်သောအခါ (အသသကုမ္ဘာ - ကျွဲမင်းသား) ဖြစ်လာပါတော့သည်။ ကျွဲမကြီးသည် မိနံကလိုင်၏ ကျွဲဖြစ်သဖြင့် နံကလိုင်၏ကျွဲဟုခေါ်ရာမှ နံကရိုင်းကျွဲမကြီးဟု ခေါ်တွင်ခဲ့သည်ဟု ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာစွာဖြင့် မုဆိုးအား ဆုတော်လာဘ်တော်များ ချပြီးနောက် -

"ဒါဆိုရင် သံတမန်များစေလွှတ်ပြီး လူစွမ်းကောင်းကို ခေါ်စေ"

သံတမန်များနှင့်အတူ မုဆိုးကြီးပါလိုက်ပါ၍ အဿကုမ္မာ မင်းသားကို ခေါ်ဆောင်လာခဲ့ရာ မင်းကြီးထံသို့ ရောက်ရှိလာခဲ့သည်။

ထိုအခါ ဝိမလမင်းကြီးမှာ အဿကုမ္မာမင်းသားကို မြင် တွေ့ရသောအခါ မိမိ၏နောင်တော် သမလမင်းကြီးနှင့်တူလှသည့် အတွက် -

"ငါ၏ နောင်တော်မင်းကြီးကို ဖူးတွေ့ရသလို၊ မင်းကြီးနဲ့ တူလွန်းလှပါတကား"

ဟု အံ့ဩဝမ်းသာဖြစ်ခဲ့ရသည်။

မှူးကြီးမတ်ကြီးအပေါင်းတို့ကလည်း အဿကုမ္မမင်းသား လေးအား မြင်တွေ့ရသောအခါ -

"နတ်ရွာစံ မင်းတရားကြီးကို ပြန်လည် ဖူးတွေ့ရသလိုပါ လား"ဟူ၍ မျက်ရည်စက်လက်ဖြင့် လျှောက်တင်ခဲ့ကြသည်။

ထို့နောက် မိဖုရားကြီးက မင်းသားလေးအား လာကြည့်ရာ -

"ဟင်! . ."

ဟုသာ တစ်ခွန်းပြောပြီး ခေတ္တမေ့မြောသွားခဲ့သည်။ ထို့ နောက် အဿကုမ္မာမင်းသားအကြောင်း စုံစမ်းမေးမြန်းရာ တူဖြစ် မှန်း သိရှိသွားခဲ့သည်။

ဘထွေးတော် ဝိမလမင်းကြီးလည်း နောင်တော်နှင့်တူ လွန်းသည့် တူတော်ကို ပြန်တွေ့ရပြီး လူစွမ်းကောင်းဖြစ်နေသည့် အတွက် များစွာ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ မင်းညီမင်းသားတို့၏ အဆောင်အယောင်အပ်နှင်းပြီး ဥပရာဇာအဖြစ် ညီလာခံ၌ အမိန့် တော်မှတ်လိုက်သည်။

ထို့နောက် အဿကုမ္မာမင်းသားက မိခင်ပမာ နို့ချိုတိုက် ကျွေး မွေးမြူခဲ့သည့် နံကရိုင်းကျွဲမကြီးထံ ခွင့်ပန်ရန် (၃)ရက်တာမျှ ဆိုင်းငံ့ရန် လျှောက်တင်ခဲ့ကြသည်။ နံကရိုင်းကျွဲမကြီးက မည်သို့



www.burmeseclassic.com

www.burmeseclassic.com



"မိခင်နံကရိုင်းက ခွင့်ပေးသနားသဖြင့် လန်ဘားကို နိုင်အောင် တိုက်ပွဲဝင်ပေးပါမည်"ဟု လျှောက်ထားခင်လေသည်။ မင်းကြီးလည်း ဝမ်းသာအားရစွာ -

"ကောင်းလင့်တည်း . . လန်ဘားကို အနိုင်ရအောင် တိုက်ပါ။ အနိုင်ရပါက သမီးတော်နှင့် ထိမ်းမြားမင်္ဂလာပြုပေးပြီး အိမ်ရှေ့အရာပေးမည်"ဟု ကတိပြုခဲ့သည်။

ကုလားလန်ဘားနှင့် ယှဉ်ပြိုင်မည့်နေ့တွင် ဟံသာဝတီနေပြည်တော်မှ ပြည်သူပြည်သားများသည် ကြက်ပျံမကျ စည်ကားသိုက်မြိုက်စွာ လာရောက်ကြည့်ရှု အားပေးခဲ့ကြသည်။

အသသကုမ္မာမင်းသားကား ချပ်မိန်ညိုကို ဝတ်ဆင်ထားပြီး အရိန္ဒမာလှံကို ကိုင်ဆောင်ကာ ကွင်းထဲသို့ ဝင်လာခဲ့သည်။ ကုလားလန်ဘားကလည်း ချပ်ဖိန်ညိုဝတ်ဆင်ပြီး ငှက်ပျော့ရွက် ပမာဏခန့်ရှိသော ဓားကြီးကို ကိုင်ဆောင်ထားခဲ့သည်။

၎င်းတို့နှစ်ဦးသည် တိုက်ခိုက်ရန် အသင့်အနေအထားသို့ ရောက်ရှိနေစဉ် အသသကုမ္မာမင်းသားသည် ပရိယာယ်ဆင်၍ -

"အသင်နှင့်ကျွန်ုပ် နှစ်ဦးသားတိုက်ခိုက်ရာတွင် အသင့်ဘက်က အဘယ့်ကြောင့် နောက်လိုက်များကို ခေါ်လာရသနည်း"

ဟု ပြောလိုက်သည်။ ထိုအခါ ကုလားလန်ဘားက -

"ကျွန်ုပ်တစ်ဦးတည်းသာ လာပါသည်။ နောက်လိုက် မပါပါ"ဟု ပြန်ပြောလိုက်သည်။ ထိုအခါ မင်းသားက -

"သင့်နောက်က လူတွေဟာ အသင့်ရဲ့ နောက်လိုက်များမဟုတ်လော"

ဟု ထပ်ပြောလိုက်ရာ ကုလားလန်ဘားက နောက်သို့ လှည့်အကြည့် လန်ဘား ချပ်မိန်ညိုကြိုး ပြတ်လျက်ရှိသော ချိုင်းအောက်သို့ ရုတ်တရက် လျှင်မြန်စွာ လှံဖြင့်ထိုးလိုက်ရာ လန်ဘား၏ခန္ဓာကိုယ်မှာ လှံချက်ထိပြီး ထုတ်ချင်းပေါက်ကာ ထိုနေရာတွင် လန်ဘားလဲကျကာ ကျဆုံးသွားခဲ့ပါသည်။

"လန်ဘား ကျဆုံးသွားပြီဟေ့"



www.burmeseclassic.com

www.burmeseclassic.com



နံကရိုင်းကျွဲမကြီးအား သတ်မိသည့်အတွက် ထိုအပြစ်မှ ပြေပျောက်စေရန် ခေါင်းဖြတ်ခံရပြီးနောက် နတ်ဖြစ်သွားသည်ဟု ယုံကြည်သဖြင့် "နံကရိုင်းမယ်တော်"ဟူသော အမည်ဖြင့် ကိုးကွယ်ပသခဲ့ပါသည်။

စောစန္ဒာနှင့်လက်ထပ်ပြီးနောက် ဘထွေးတော်မင်းကြီးမှ အိမ်ရှေ့အရာ အပ်နှင်းခဲ့ပါသည်။ ဘထွေးတော် နတ်ရွာစံပြီးနောက် အသင်္ခယာမင်းသားသည် ဟံသာဝတီပြည်၏ မင်းဖြစ်လာခဲ့သည်။

တိုင်းသူပြည်သားများလည်း မင်းကြီးပြုမူသည့်အတိုင်း လိုက်နာကာ တစ်တိုင်းပြည်လုံး နံကရိုင်းမယ်တော်ကို ကိုးကွယ်ကြပါသည်။ ရှေးယခင် အသင်္ခယာလက်ထက်က နံကရိုင်းနတ်ကို ကျွဲခေါင်းဖြတ်၍ တင်မြှောက်ပသခဲ့ရာမှ နောင်သောအခါ ကျွဲခေါင်းအစား ငါးရံ့ကို နားယားထိုး၍ အစားထိုးတင်မြှောက် ပသခဲ့သည်မှာ ယခုတိုင်ဖြစ်ပါတော့သတည်း။

### * နံကရိုင်းမယ်တော် ကွန်းနန်းထားနည်း *

မယ်တော်နန်းကို အိမ်အတွင်း၌ မထားရပေ။ အိမ်ပြင်ပခြံဝင်းအတွင်း ခေါင်းရင်း၌သာ နတ်ကွန်းနှင့် ထားပါ။

**နတ်နန်းတွင်ထားရန် ပွဲပြင်နည်း**

၁) အနာလွတ် အလုံးချော ဖရုံသီးငယ်တစ်လုံး၊
၂) ရေကြည်ထည့်ထားသော စဉ့်အင်တုံတစ်လုံး၊
၃) သင့်တော်ရာ သစ်သီးတစ်မျိုးမျိုး၊
၄) သောက်တော်ရေ တစ်ဖန်ခွက်၊ ပန်းအိုးတစ်အိုး။

**ပွဲတင်နည်း**

၁) ကြွက်မြီးကောင်းကောင်း အလုံးလုလု အနာလွတ် အုန်းသီးတစ်လုံး၊



www.burmeseclassic.com

www.burmeseclassic.com



# ကေသရာဇာ ခြင်္သေ့တို့၏ အပြုအမူများ



ခြင်္သေ့ထီး၏ဦးခေါင်းတွင် မျက်နှာမှအပ အမွေးရှည်များ၊ လည်ဆံမွေးများ ရှိခြင်းကြောင့် အလွန်ခန့်ငြားပြီး ကြောက်မက်ဖွယ်ကောင်းလေသည်။ ယခုအခါတွင် ဟိမဝန္တာတောင်တန်းတွင် မတွေ့ရတော့ဘဲ အာဖရိကတိုက်၌ ခြင်္သေ့များကို တွေ့နိုင်သည်။


ခြင်္သေ့မများမှာ လည်ဆံမွေးမရှိသောကြောင့် အကောင်ငယ်ပုံရသော်လည်း ခြင်္သေ့ထီးနီးပါး ခွန်အားဗလကောင်း၏။ အမွေးရောင်မှာ ရေညှိစိမ်းဝါဝါဖြစ်၍ လည်ဆံမွေးမှာ အရောင်ပိုရင့်လျက် နီကြန့်ကြန့်အရောင်ရှိသည်။ အာရှတိုက်တောင်ပိုင်းနှင့် ဥရောပတိုက် အရှေ့တောင်ပိုင်းတွင် တစ်ခါတရံတွေ့နိုင်သည်။

ပုခုံးအထိ လေးပေမြင့်ပြီး နှာခေါင်းဖျားမှ အမြီးဖျားအထိ (၁၀)ပေနီးပါးရှိ၏ ။ ရင်အုပ်ကျယ်၍ ခါးသိမ်သည်။ ကြီးမားသော ရှေ့လက်များဖြင့် ပုတ်ခတ်ရုံမျှနှင့် နွား၏ ဦးခေါင်းခွံကို ကွဲစေနိုင်သည်။ မြင်းကျောရိုးကိုလည်း ကျိုးစေနိုင်၏ ။ နွားသိုးတစ်ကောင်ကို ကြောင်ကကြွက်ကို ကိုက်ချီသည့်အလား ကိုက်ချီသွားနိုင်အောင် အင်အားကြီးမားလေသည်။

ပေ(၃၀)ခန့်အမြင့်အထိ ခုန်နိုင်၏။ ချုံတောနှင့်တောဆိတ်

www.burmeseclassic.com





လူသားကို မြိုးမြိုးမြက်မြက်စားမိသော ခြင်္သေ့အိုကြီးများမှာ လူကို ချောင်းမြောင်း လိုက်လံရှာတတ်သည်ဟု ဆို၏ ။ တစ်ခါတရံ ဆာလောင်လျှင် ရွာထဲဝင်၍ လူကို ကိုက်ချီသွားတတ်သည်။ ခြင်္သေ့မက တစ်ကြိမ်လျှင် သားနှစ်ကောင်၊ သုံးကောင်မွေး၏ ။

ခြင်္သေ့ထီးက ကလေးများကို စားပစ်တတ်သဖြင့် ခြင်္သေ့မက အထီးများ အနားသို့မလာအောင် တတ်နိုင်သမျှတားမြစ်၍ အလစ်မပေးတတ်ချေ။ အထီးကလေးများမှာ သုံးနှစ်ခန့်တွင် လည်ဆံမွေးရှည်လာပြီး ခုနစ်နှစ်ခွဲကြာမှ အကောင်ကြီးအရွယ်သို့ ရောက်၏။ ငါးနှစ်ရွယ်ခန့်အထိ မိခင်၊ ဖခင်နှင့်အတူ အမဲလိုက်တတ်ကြသည်။

ခြင်္သေ့၏ သက်တမ်းမှာ (၄၅)နှစ်ခန့်ဖြစ်သည်။ ခြင်္သေ့များသည် မိသားစုလိုက်နေထိုင်တတ်ပြီး မေ့ဆေးသေနတ်မပေါ်မီက ခြင်္သေ့အကောင်ကြီးများကို အရှင်ဖမ်းရန် အလွန်ခက်ခဲသည်။ အလစ်တွင် ဖမ်းဆီးနိုင်လောက်အောင်လည်း အိပ်စက်မနေတတ်ချေ။ ကျားကဲ့သို့ နေရာအနှံ့အပြား သွားလာနေသည့် အလေ့အထမရှိကြချေ။

www.burmeseclassic.com